www.dhammaransi.com

# းပုဇ္ဈောင်လှာဘုရေးထမိုင်း

အရှင်ဝဇ္ဇိတ

အရှင်ဝဇ္ဇိတ

www.dhammaransi.com

၁၁၀၄၂

ရန်ကုန်မြို့၊

နာဂလိုဏ်ဂူ-ကလေးဝတောကျောင်း

တိုက်အုပ်ဆရာတော် အရှင်ဦးပဏ္ဍိတ

စီရင်ရေးသားသော

# ကင်းမှဗွော်လှဘုရား

# သမိုင်း

www.dhammaransi.com


ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်(၂၇၄၉)

၁၉၆၉-ဇွန်လ၊

ထုတ်ဝေသူ။ ။ဦးပဏ္ဍိတ၊ ကင်းလွတ်ခွင့်အမှတ် (၀၇၀၇)
နာဂလိုဏ်ဂူ ကလေးဝတောကျောင်း၊
တံတားကလေး-ရန်ကုန်။

ပုံနှိပ်သူ။ ။ဦးအုန်းတင်(၀၇၆၈)မြဲ၊
မြန်မာ့စာပုံနှိပ်တိုက်၊ ၂၈၅၊
သစ္စာလမ်း(သံလမ်းအနီး)ကန်ဘဲ့-ရန်ကုန်။

www.dhammaransi.com



အောက်ကင်းရွာ မုဆြောလှ ဘုရားရုပ်ပွားတော်။

www.dhammaransi.com

# အမျိုးသား ဦးလှဒင်၏
## အမှာစကား

ကျွန်ုပ်သည် လွန်ခဲ့သော မိုးဦးကာလမှစ၍ စာပေရေးသားမှုကို လျော့ပေါ့ပြီး စာဖတ်သည့် အလုပ်ဖြင့် အချိန်ကို ရှစ်လ ကိုးလ စသည် ကုန်လွန်နေစေခဲ့ရာ တနေ့သော နံနက်တွင် ရန်ကုန်မြို့ နာဂလိုဏ်ဂူ ကလေးဝတောကျောင်း၌ သီတင်းသုံးတော်မူသော ကျေးဇူးရှင် ကလေးဝ ဆရာတော် ဘုရားကြီး၏ အန္တေဝါသိက တပည့်ရင်း အဆိုပါ ကလေးဝတောကျောင်းကို ကွပ်ကဲအုပ်ချုပ်တော်မူသော တိုက်အုပ်ဆရာတော် ဦးပဏ္ဍိတ အရှင်မြတ်ကိုယ်တော်တိုင်ကြွရောက်လာပြီး၊ ယင်းဆရာတော် စီရင် ရေးသားအပ်သော **"ကင်းမှတ္တောလှသမိုင်းသစ်"**အမည်ရှိ ဘုရားသမိုင်း စာမူတစောင်ကို အပ်နှံ၍ ဖတ်ရှုလေ့လာ အမှာ စကား ရေးသား ပေးပါရန် မိန့်ဆိုတော်မူခဲ့လေသည်။

ဤတွင်စကားအလျဉ်းသင့်၍ ထည့်သွင်း ဖော်ပြလိုသည်မှာ— ကျွန်ုပ်တို့ငယ်ရွယ်စဉ်အခါက ဗဟုသုတနည်းပါး၍ အမှတ်အသား လွဲမှားခဲ့လေသလား မသိ။ သမိုင်းဆိုလျှင် ရွှေတိဂုံဘုရား သမိုင်း၊ ရွှေဆံတော်ဘုရားသမိုင်း၊ ရွှေမော်ဓောဘုရားသမိုင်း အစရှိသည်ဖြင့် ဘုရားပုထိုး စေတီကျောင်းကန်တို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများကိုသာ သမိုင်းဟုခေါ်သည်။ မင်းများအကြောင်းနှင့် မင်းစဉ် မင်းဆက် ဖြစ်ပျက်သော အတ္ထုပ္ပတ္တိများကို ရာဇဝင်ဟုခေါ်သည် ဟူ၍ ယင်းသို့နှစ်မျိုးနှစ်စား ကွဲပြားခြားနားဟန်နားလည်ခဲ့ကြရဘူးပေသည်။

www.dhammaransi.com

# အမှာစကား

သို့ရာတွင် တိုးတက်သောခေတ်ဟု ဆိုအပ်သော ယခုကာလတွင်ကား သမိုင်းဟူသည် လူ့လောက ခရီးစဉ်၌ နေ့စဉ် ကြုံတွေ့ကြရသော လောကီဇာတ်ခုံ ဖြစ်ပျက်ပုံတို့ကို ပြည့်စုံအောင် တင်ပြထားသော လူတို့ဖြစ်ရပ်အတ္ထုပ္ပတ်ကို တိုက်ရိုက်သိမ်းကြုံး၍ သုံးနှုန်းဖွင့်ဆိုလိုက်သည့် စကားလုံးဝေါရ အမှန်ဖြစ်နေပေတော့ရာ မြန်မာ့သမိုင်း ဥရောပသမိုင်း ကမ္ဘာ့သမိုင်းဟူ၍ ရာဇဝင်အစား၊ သမိုင်းဟူသော စကားဖြင့် ချယ်မှုန်း ဖုံးလွှမ်းခဲ့လေပြီ။ မည်သို့ပင် ဆိုစေ "သမိုင်း"ဟူသော ဝေါဟာရသည် သက်ရှိ သဝိညာဏကဖြစ်သော လူရှင် ရဟန်းတို့သာမက၊ အဝိညာဏကဖြစ်သော လူ့လောက၌ အထင်ကရအရှည်တည်တန့်သည့် သက်မဲ့အဆောက်အဦတို့၏ ပကတိဖြစ်ရပ်အတ္ထုပ္ပတ်တို့ကိုပါ ခေါ်ဆိုအပ်သော ဝေါဟာရ စကားလုံးဖြစ်သည်မှာ ထင်ရှားလှပေသည်။

ဤတွင် ကျွန်ုပ်တို့ ငယ်ရွယ်စဉ်ကာလ မိဘများမှစ၍ ဆည်းကပ်ကိုးကွယ်လာခဲ့သည့် ငယ်ဆရာတပါးဖြစ်သော ဇီးကုန်းမြို့ မြလေးရုံဆရာတော်ဘုရား မိန့်ကြားခဲ့ဘူးသည့် စကားတရပ်ကို အောက်ပါအတိုင်းမှတ်သားခဲ့ရဘူးလေသည်။

> "ဟော့....မောင်လှဒင်ရဲ့၊ စေတီဘုရား တည်ထားကိုးကွယ်တယ်ဆိုရင် ရာဇဝင်သမိုင်း၊ ထုံးပိုင်း သတ်မှတ်၊ စိုက်ထူအပ်သတဲ့....ကွဲ့၊ ဒါကြောင့် မင်း....ယခုပြုပြင်တည်ဆောက်နေတဲ့ ဘုရားကိုလဲ သမိုင်းတစောင်ရေးသားထားဘို့ကောင်းတယ်...."

လွန်ခဲ့သော တနှစ်ကျော်ကျော်က မိန့်ဆို တော်မူ ခဲ့သောအထက်ပါစကားရပ်ကို ယခုပြန်လည်၍ သတိထားမိပေသည်။

www.dhammaransi.com

# အမှာစကား

အမှန်ကို ဝန်ခံရမည်ဆိုလျှင် ကျွန်ုပ်သည် ယခင်အခါများ၌ ဘုရားသမိုင်းတို့ကို လူ့သမိုင်းများလောက် စိတ်ဝင်စားမှုမရှိခဲ့ပါ၊ လွန်ခဲ့သော လေးနှစ်တာကာလလောက်ကမှ မိမိကိုယ်တိုင် ပြုပြင် တည်ထား ကိုးကွယ်နေသော ဘုရားပုထိုးတို့ အထည်ဒြပ်ထင်ရှား လာမှ သတိရခဲ့ပေသည်။

ဘုရားသမိုင်းဟူသည် ထိုစေတီ ပုထိုး တည်းဟူသော ဘုရား ဂူကျောင်းတို့၏ တည်ထားကိုးကွယ်မှုပြုရာပြုကြောင်း၊ ရှေးဟောင်း ထုပ္ပတ်ကို နှောင်းလူတို့ ဖတ်ရှုသိရှိရခြင်းအားဖြင့် ထိုစေတီ ထိုဘုရား တို့အား သာသနာ တည်သရွေ့ကာလပတ်လုံး ခေတ်ဆုံးတိုင် အရှည် တည်တန့်သွားစေရန် နှောင်လာနောက်သားတို့ ဆက်လက်မွမ်းမံ ပြုပြင် တည်ဆောက်လိုသော မနောမဏိစေတနာအပြည့်ရှိရာ ရှိကြောင်း ကောင်းသောရည်ရွယ်ချက်ကြီးပေတကားဟု သဘော ပေါက် ခဲ့ရပေသည်။

သို့နှင့်ဘုရားသမိုင်းမှန်သမျှ ရှာဖွေဖတ်ရှု၍လေ့လာ ဆည်းပူးရန် စိတ်အား ထက်သန်လာခဲ့ပြီးဖြစ်ရာ ယခုတဖန် ကလေးဝကျောင်း တိုက်အုပ်ဆရာတော်ထံမှ မိန့်မှာချက်အရ အဆိုပါ "ကင်းမုတ္တောလှ သမိုင်းသစ်" စာမူကို အစအဆုံးသိမ်းကြုံးဖတ်ရှုလိုက်ရပါသည်။

ဤသမိုင်းတွင် အကြမ်းအားဖြင့် အပိုင်း ၇ ပိုင်းမျှခွဲခြား၍ ရရှိနိုင်ပေသည်။ ဆရာတော် စီရင်ရေးသားပုံမှာ ပထမပိုင်းအနေ ဖြင့် လောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရားသခင် ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်သည်မှစ၍ သာသနာ သက္ကရာဇ် ၂၁၇-ခု၊ နှစ်၌ ကေရာဇ် တဆူ ဖြစ်လာတော်မူခဲ့သော သီရိဓမ္မာသောက ဘွဲ့နာမအပြင် အသောက မည်တွင် လေးကျွန်းရှင် မင်းတရားကြီး လက်ထက် မြို့ပေါင်း ရှစ်သောင်းလေးထောင်၌ ရေတွင်းရှစ်သောင်း လေးထောင်၊ ရေကန် ရှစ်သောင်းလေးထောင်၊ ဘုရားရှင်၏ သီရိရ

www.dhammaransi.com

# အမှာစကား

ခေတ်တော်စစ်ဌာပနာသည့် စေတီပုထိုးပေါင်း ရှစ်သောင်း လေးထောင်တို့ကို ဆောက်လုပ် လှူဒါန်းတော်မူသည့်ကာလ၊ မောရိယ တိုင်းနှင့် သုနာပရန္တတိုင်းအတွင်း သလ္လာဝတီခေါ် ချင်းတွင်းမြစ်ရိုး၌ ကိုးဆူသော မုဋ္ဌောစေတီများကို တည်ထားတော်မူခဲ့ကြောင်းနှင့် ဤ"ကင်းမုဋ္ဌောလှစေတီ" တော်သည်လည်း မုဋ္ဌောစေတီကိုးဆူအနက် တဆူအဖြစ်ပါဝင်ခဲ့ကြောင်းအထိ ပထမပိုင်းအနေဖြင့် နိဒါန်းသွယ်၍ ဖွယ်ဖွယ်ရာရာနှင့် ကျမ်းစာအကိုးအကား စုံလင်စွာ ဖော်ပြ ရေးသားထားပေသည်။

ဒုတိယပိုင်းကား မြတ်စွာ ဘုရားသခင် ကောင်းကင်ခရီးဖြင့် ဒေသစာရီကြွချီတော်မူခဲ့စဉ် ပုဂံပြည်ကြီးပေါ်ထွန်းမည့် ဒေသနှင့် ဧရာဝတီမြစ်ကြီးခြားလျက်ရှိသော အနောက်ဘက်ကမ်းရှိတန့်ကြည့် တောင်သို့ ရောက်၍ ပေါက်ပင်-ဗျိုင်း-ဖား-သုံး ပါး နိမိတ် ဖြင့် ဗျာဒိတ်ချွေတော်မူခဲ့သည်မှ ခဆပဥ္စကိန်းအရ ဖြိုကြွင်းသက္ကရာဇ် ၂၁၁-ခု ပြာသိုလဆန်း ၆ ရက်ကြာသပတေးနေ့တွင် ပုဂံမြို့ကိုပျူမင်းပြား မင်းတည်တော်မူသည်အထိ ဖော်ပြထားလေသည်။

တတိယပိုင်းတွင် ပုဂံပြည်တွင် အရီးကြီးများ တန်ခိုးသြဇာ လွှမ်းမိုးခဲ့ပုံအကြောင်း၊ ပွဲကျောင်းဘုန်းကြီးများအကြောင်း၊ပညာမဲ့ အရီးကြီးများနှင့် ပညာရှိအရီးကြီးးတို့အကြောင်း၊ ရဟန်းတို့ကို ခင်ကြီးပြောင်၊ ခင်ကြီးပျော်၊ ခင်ကြီးပေါက် ဟူ၍ သမုတ်ပညတ် ခေါ်စမှတ်ပြုခဲ့ပုံများအကြောင်း ရှာဖွေတင်ပြထားပေသည်။

စတုတ္ထပိုင်းကား ပုဂံပြည်ကြီးကို အစိုးရတော်မူသော ရွှေဂူ ဒါယကာ နရပတိစည်သူဘွဲ့မည်ရ အလောင်းစည်သူမင်းတရားကြီး ဖောင်စကြာနှင့် တိုင်းခမ်းလှည့်လည်တော်မူစဉ် ချင်းတွင်းမြစ်ရိုးသို့ အရောက်တွင် မုဋ္ဌောကိုးဆူကို မွမ်းမံပြင်ဆင်ထပ်လောင်း၍ တည်

www.dhammaransi.com



တော်မူပုံကို ဥပနာ ပစ္စည်းများနှင့်တကွ ဖော်ပြ ရေးသားထား ပေသည်။

ပဉ္စမပိုင်းမှာ ယင်း ကင်းမုတ္တောလှစေတီတော်သည် ကာလရှည် လျှား၍ ခေတ်အဆက်ဆက် ပျက်စီး ယိုယွင်း လာခဲ့ သည်ကို ကောဇာသက္ကရာဇ် ၁၂၅၃-ခုနှစ်၊ တပို့တွဲလဆန်း ၅-ရက်နေ့တွင်ပဉ္စမ သင်္ဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီး လှူဒါန်းအပ်သော ရွှေချစာတော်ချ ဘွဲ့တံဆိပ်ရ ယောမြို့ငါးဂိုဏ်းချုပ်အောက်ကင်း မဟာဗောဓိ ဆရာတော်ဘုရားကြီး အမှူးထား၍ပြင်ဆင်တည်ထား ခဲ့ကြပုံများကို ယင်းဒေသတဝိုက်ရှိဘုရားဒါယကာ-ဘုရားဒါယိကာမ ဆွေစဉ် မျိုးဆက်တို့နှင့်တကွ အသေးစိတ်၍ ဖော်ပြထားပေသည်။

ဆဋ္ဌမပိုင်းမှာ **မုတ္တော** ဟူသော ပါဠိစကား၏ အနက်အဓိပ္ပါယ် ကိုဖွင့်ပြသော အထွေထွေဗဟုသုတပိုင်းဖြစ်၍ ကျမ်းကိုးကျမ်းကား အစုံအလင်နှင့်ဖတ်ချင်စဘွယ်တင့်တယ်စွာ စီရင်အပ်သော မုတ္တော နှင့် မုဋ္ဌောပါဠိအဖွင့်ဋီကာပိုင်းဟု ဆိုအပ်လှပေသည်။

သတ္တမပိုင်းကား ကျမ်းအသီးသီးမှ ကောက်နုတ်ချက်များကို ဖော်ပြသောအခဏ်းဖြစ်ပြီး ရတနာသိင်္ဂမင်းဆက်ကို ပရပိုက်ဖြူမှ ကူးယူ ထည့်သွင်းသော သက္ကရာဇ် နေ့-နံ-အိမ်နိမ့်စံ-နန်းစံများ စာရင်း ဇယားနှင့် ထည့်သွင်း ထားသည့် အပြင် နောက်ဆက်တွဲ အနေဖြင့် ရွှေဂူမြင့်ဘုရားသမိုင်းတွင် လာရှိသော သိုက်ဝင်ဘုရား ဆယ်ဆူနှင့်တကွ ဘုရားသိုက်ကိုပါဖော်ပြထားပေရကား ရာဇဝင် သမိုင်းဆိုင်ရာ သုတေသီများနှင့် တကွ ဗဟုသုတ လိုလားသော အများသူငါ စာဖတ်ဝါသနာပါသူ ရဟန်းရှင်လူတို့ ရှင်လန်းအားရ နှစ်သက်ကြလိမ့်မည်ဟု မြှော်လင့်ရပါကြောင်း။

www.dhammaransi.com

# အမှာစကား

ထိုပြင်တဖြာ အညာတခွင်သို့ ရာဇဝင် ဗဟုသုတ ရှာမှီးရင်း ဆိုသလို ဘုရားပုထိုး အမျိုးမျိုးကိုလှည့်လည် ဖူးမြော်လေ့ရှိသော ခရီးသည်ပုဂ္ဂိုလ်များသည် သလ္လာဝတီ မည်ရှိထင်ရှား ချင်းတွင်း မြစ်တလွှားသို့ သွားရောက် လည်ပတ်သည့် အခါတွင် အကြင် "ကင်းမုဋ္ဌောလှဘုရား"နှင့်တကွ သီရိဓမ္မာသောက မင်းတရား၏ စေတီရှစ်သောင်းလေးထောင်အပါအဝင် ထင်ရှားသော အခြား သိုက်ဝင် ဘုရားများကို ရောက်အောင်သွား၍ ဖူးမြော်ခဲ့နိုင်ကြပါစေ ဟူ၍ ဆုမွန်တောင်းလိုက်ရပါကြောင်း။

ရန်ကုန်မြို့ လှဒင်။
၁၅-၅-၆၉

www.dhammaransi.com

၁။

# 'ကင်းမှုတ္တော်လှသမိုင်းသစ်'

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ


(စီရံ တိဋ္ဌတု သဒ္ဓမ္မော) ဒေဝါတိဒေဝိန္ဒ၊ ဇေဋ္ဌ သေဋ္ဌ အတုလ ဓိပတိ ဓမ္မဿာမိ မုနိပုင်္ဂဝ အဂ္ဂ အဂ္ဂါ စကြာမန္ဓာတ် အမြတ်မြတ်တို့၏ ဆည်းကပ်ညွတ်ပြောင်းရာ သာကီဝင်မင်းတကာတို့၏မျက်မှန် သယမ္ဘူအစစ် ဖြစ်တော်မူသော မြတ်စွာဘုရား သခင်သည် ဘုရားအဖြစ်သို့မရောက်မီ ဒီပင်္ကရာမြတ်စွာဗုဒ္ဓ သုံးလူ့ဘ၏ ပါဒခြေရာ ရွှေစကြာ၏ အနီးဖြစ်သော သမ္မာသမ္ဗုဒ္ဓဆု လုလုအားရ ပထမ အနိယတ ဗျာဒိတ်တော်မြတ်ကို ဆွတ်ဆွတ်ကြည်နူး လက်ဦးဖြင့် ရွတ်ခံလျှက် ပန်ဆင်တော်မူသည်မှစ၍၊ လေးသင်္ချေနှင့် ကမ္ဘာ တသိန်း ကာလပါတ်လုံး စောင့်သုံးအပ်သော ဒါနသီလ စသည့် အများအပြား မြတ်သော သတ္တလောက၏ အစီးအပွား ချမ်းသာ

www.dhammaransi.com



ခြင်းအလို့ငှါ အသာရေဏဖြစ်သော ပါရမီတို့သ ပဉ္စာဂီ သုံးလီသော ဝိဝန္နဉပ နိဿယ သမ္ဘာရ အဆောက်အဦးတို့ကို ဆင်းရဲပင်ပန်း ဆုံးခန်းခြင်းသို့ ရောက်တော်မူရာ ကမ္ဘာတို့၏ မကိုင်ငြ အတိုက်တိုက် သော စကြာဝဠာတို့၏ဦးစွန်း အကျွန်းကျွန်းတို့၏ မင်္ဂလာကြက် သရေ အောင်မြေချာရိပ် နိမိတ်ငါးပါးတို့ဖြင့် ပိုင်းခြားစိတ်ကာ ကိုးရာအဝန်းရှိသော မဇ္ဈိမဒေသ တိုက်၏အလယ် ဆဲ့ချစ်ပါယ်ခန့် အရပ်တွင် မြက်တပင်မျှ မပေါက်ရ စည်မျက်နှာဝကဲ့သို့ ညီညွတ် လှစွာ သာယာ သန့်ရှင်းသော မြေတလင်း အပြင်ဝယ် ဆန်းကြယ်ထူးထွေ ရွှေသသဲ ငွေသလဲ ကြဲဘိသကဲ့သို့ နှစ်လိုချော မွေ့စွာ တည်ထွန်းသော မြေဝန်းပတ်လည် ပန်းသစ်ပင်နွယ် ခက်သွယ်ညွတ်ညောင်း ခြုံပိတ်ပေါင်း နှာမောင်း ညွန့်ဖူးတို့သည် လကျ်ာရစ်ဦးတိုက်၍၊ အမြိုက်ကြက်သရေ အောင်မြေနက်သန် ဘေးရန်တို့၏ ကင်းငြိမ်းရာ တနေ့တည်းမျှ ပေါက်လာသော အမြင့် သံတောင်တရာ၊မြည့်ာစိမ်းရွက် ဖူးခက်သန္တာ၊သီးဝါရွှေရည်၊ပင်စည် ရဇတအတ္တာဒုမေ ဗုဒ္ဓဟေပင်မင်း၏ အရှေ့မျက်နှာ လေးတောင် ကွာ၌ အရာမကသော နေလုင်တို့သည် ရောင်ထင် ပြိုးပျက်ထွန်း လင်း၍ထွက်ကဲ့သို့ တခဲနက်တောက်ပသော အပ္ပရာဇိတ ဝဇိရာသန နိမ္မဏ္ဍာလအပြင် ရွှေပလ္လင် ထက်ဝယ် စံပါယ်ဖွဲ့ခွေတော်မူရာ နေဝင် ကာနီးအချိန်တွင် ငါးအင်သော မာရ်ရန်သူကို လွယ်ကူကုန်စင် အောင်မြင်တော်မူပြီးမှ ပဌမယာန်၌ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ် မဇ္ဈိမယာန်၌ ဒိဗ္ဗစက္ခုဉာဏ် မစ္ဆိမယာန်၌ အာသဝက္ခယဉာဏ် သုံးတန်သောဉာဏ၊ ကိုးဝသောဂုဏ်တော်အလုံးစုံတို့နှင့် ပြည့်စုံ တော်မူသော လောကထွတ်ထား ဂေါတမ မြတ်စွာ ဘုရားသခင် သည် သက္ကရာဇ် ၁၀၃-ခု ကဆုံလပြည့် ဗုဒ္ဓဟူးနေ့ မိုးသောက် ယာန် အာရုံမတက်မီ ဝိသာခါ နက္ခတ်နှင့်ယှဉ်၍ ဘုရားဖြစ်တော်

www.dhammaransi.com

မြတ်စွာဘုရားသခင် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတော်မူသော
မဟာဗောဓိပင် ပထမ သတ္တာဟ။

www.dhammaransi.com


မူပြီး ပဋိစ္စသမုပ္ပါဒ်တရားကို အပြန်အလှန် ဆင်ခြင်ခြင်း ခပ်သိမ်းသော ဘုရားရှင်တို့သည် မစွန့်အပ်သော အနေကဇာဥဒါန်းကို ကြူးရင့်တော်မူခြင်း၊ ပဌမ ပလ္လင် သတ္တာဟ စံနေတော်မူခြင်း၊ ဒုတိယ အနိမ္မိသ သတ္တာဟ တတိယ ရတနာ စင်္ကမသတ္တာဟ၊ စတုတ္ထရတနာ ဃရသတ္တာဟ ပဥ္စမ အဇပါလသတ္တာဟ ဆဋ္ဌမ မုစလိန္ဒသတ္တာဟ၊ သတ္တမ ရာဇာယတနသတ္တာဟ စသော လေးဆယ့်ကိုးရက်ပတ်လုံး ဝိမုတ္တိ ချမ်းသာကို ခံစား၍ နေလေရာ တဖန် ရှစ်ခုမြောက်သော သတ္တာဟ အတွင်း၌ ဆိပ်ငြိမ်ရာသို့ကပ်ပြီး ဤသို့အကြံဖြစ်၏ ငါသိအပ်သော ဒုက္ခသစ္စာ ဒုက္ခ သမုဒယသစ္စာ ဒုက္ခ နိရောဓ သစ္စာ ဒုက္ခ၊ နိရောဓ မဂ္ဂသစ္စာ ဤလေးဖြာတို့သည် အလွန်သိမ်မွေ့နက်နဲ ခက်ခဲလှ၏။ သူတပါးတို့ ကြံစည် တွေးတော၍ မသိမြင်နိုင်ပေ၊ သဗ္ဗညုတဉာဏ ပိုင်ရှင်တို့သာ သိအပ်သော အရာဌာန ဖြစ်ပေသည်။ သတ္တဝါတို့သည်ကား ကိလေသာ များ၍ မဂ်ဉာဏ် ဖိုဉာဏ်ကို သိနိုင်သော ပညာ နည်းပါးလှ၏။ အာရုံငါးပါး ကာမဂုဏ်တို့၏ ချုပ်ရာ ငြိမ်းရာ နိဗ္ဗာန် အမြိုက်တရားကို ငါဘုရား ဟောကြားသော်လည်း ပင်ပန်းဆင်းရဲရုံမျှသာ ဖြစ်တော့ မည်ဟု ကြံစည်တော် မူနေစဉ်၊ ထိုအခါ သဟံပတိ ဗြဟ္မာမင်းကြီးက မြတ်စွာဘုရား၏ အကြံတော်ကိုသိ၍ နဿတိ ဝတဘော လောကော၊သော အိုအချင်တို့ လောကော၊လောကကြီးသည်နဿတိဝတ ပျက်တော့မည်တကားဟု ဆို၍ စကြာဝဠာ တသောင်း အတွင်းရှိ နတ်ဗြဟ္မာ အပေါင်းတို့နှင့် တကွ မြင့်မိုရ်တောင်လောက်ရှိသော ရတနာပန်းကုံးကို ယူလျှက် မြတ်စွာဘုရားအား လက်အုပ်ချီကာ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာ ဘုရား၊ ကျွတ်ထိုက်သသူ နတ်လူဗြဟ္မာ သတ္တဝါများ တို့လည်း ရှိပါမည်၊ တရားမဟောဘဲ ကြောင့်ကြမဲ့နေချေက နတ်ရွာနိဗ္ဗာန်

www.dhammaransi.com




တံခါးပိတ်၍ အပါယ်တံခါးပွင့်ပါမည်၊ ကိလေသာဗျာဓိ စွဲကပ်ငြိသည့် ဒုက္ခိတများစွာ သတ္တဝါတို့အား တရားဟောမှသာ အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါး ပွင့်ပါမည်ဟု သဟံပတိ ဗြဟ္မာမင်း၏ လျှောက်ထားသောကြောင့်....

ဓမ္မဓေတိကုဝေ အန္တာ ပဗ္ဗဇ္ဇိတေန နသေဝိတဗ္ဗာအစဖြာသဖြင့် ပဌမ ဗုဒ္ဓဝစန မဇ္ဈိမ ဗုဒ္ဓဝစန ပစ္ဆိမ ဗုဒ္ဓဝစနတို့ကို လူနတ်ဗြဟ္မာ သတ္တဝါတို့အား ဟောကြားတော်မူပြီးမှ ကုသိနာရုံ ပန်းမျိုးစုံသည့် ရဂုံသာမော အင်ကျင်း ဥယျာဉ်တော၌ သက္ကရာဇ် (၁၄၈) ခု ကဆုံလပြည့် အင်္ဂါနေ့ညဉ့် မိုးသောက်ယံ ရောင်ဖြူမလာခင် ပရိနိဗ္ဗာန် ဝင်စံတော်မူသတည်း။

ယင်းသို့ နိဗ္ဗာနဓာတ် အသခ်တသို့ ကူးမြောက်ပြီးနောက် မကြာမီ ဘိုးတော် အဇ္ဇနမင်း ထားခဲ့သော သက္ကရာဇ် (၁၄၈) ခုဖြို၍ သက္ကရာဇ်(၃)ခုနှစ်ရောက်သောအခါ အဇာတသတ်မင်း ဝေသာလီပြည်ကို တိုက်၍ လူသူတို့ကို သိမ်းယူကာ (၃၂)နှစ် မင်းပြုလေသည်။ သက္ကရာဇ်(၂၅)တွင် အဇာတသတ်ကို သားဥဒယ ဘဒ္ဒ သတ်၍ မင်းပြု၏။ တဖန် (၄၀) ခု ဥဒယဘဒ္ဒကို သားအရုဂုဒ္ဓ သတ်၏။ (၄၅)နှစ် အရုဂုဒ္ဓကို မုဏ္ဍကသတ်၏၊ (၄၉)ခု မုဏ္ဍကကို သားနာဂဒါသက သတ်၍ မင်းပြုလေသည်။ သက္ကရာဇ် (၈၃) ခု ရောက်သောအခါ ပြည်သူပြည်သားတို့သည် အဘသတ်ကကြီးထိုက် မင်းမျိုးဆို၍ နာဂဒါသကို နန်းမှချပြီးလျှင် ဝေသာလီပြည်မှ ပါလာသော သုသုနာဂအမတ်ကိုမင်းမြှောက်လေကုန်၏။ သက္ကရာဇ်(၈၀) ပြည်သုသုနာဂမင်းဖြစ်၍ သားဘဒ္ဒသေန၊ ကောရဏ္ဍဝဏ္ဏ၊ မကုရ၊ သဗ္ဗဇယ၊ ဇာလိက၊ ဥပက၊ သဉ္ဇယ၊ ကောရဗျ၊ နန္ဒိဝဒ္ဓန၊ ပဉ္စမကစသော ညီနောင် ဆယ်ယောက် အစဉ်အတိုင်း မင်းပြုလျက်(၂၂) နှစ်ကြာလေသည်။ ထိုမင်းညီနောင်တို့တွင် အဆုံးစွန် ပဉ္စမကမင်းသည်

www.dhammaransi.com





မြတ်စွာဘုရားသခင် မောဓိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတ
ရွှေဉာဏ်တော် ရပြီးနောက် စံတော်မူရာ သတ္တ-သတ္တာဟတွင်
အပါအဝင် ဒုတိယ သတ္တာဟဖြစ်သော အနိမိသကုန်းနေရာ။

www.dhammaransi.com



ပါဠလိပုတ်ပြည်၌ မင်းပြုနေစဉ် ပြည်ရွာကို လုယူ ဖျက်ဆီး နေသော နိုးမှူး ဥဂ္ဂသေနသည် ပဌမက မင်းကိုသတ်၍ မင်းပြု၏။ တဖန် ပဏ္ဍုကနန္ဒမှစ၍ ဓနနန္ဒမင်းအထိ ရှစ်ယောက်သော ညီတို့သည် လည်း ဥဂ္ဂသေန အတူ အစဉ်အတိုင်း မင်းပြုကြလေသည်။

မြတ်စွာဘုရားရှိစဉ် ဝိဋဋူဘအား ကြောင့် ထွက်ပြေးရသော သာကီဝင်မင်းတို့သည် မောရိယ အမည်သမုတ်၍ နေကုန်၏။ တဖန် လူရိုင်းတို့ ဖျက်ဆီးကြသဖြင့် ပျက်၍ မောရိယမင်း၏ မယားသည် ကိုယ်ဝန်အရင့်အမာနှင့် တကွ ပုပ္ဖပူရသို့ရောက်လာ၍၊ မကြာမီ သားရတနာကို ဖွားမြင်၏။ ထိုသတို့သားကို အိုးသစ်တွင်ထည့်၍ နွားနင်းသေစေရန် နွားခြံဝ၌ထားသော် သတို့သား၏ ဘုန်းကံ ကြောင့် နတ်တို့စောင်မသဖြင့် စန္ဒမည်သော နွားလားဥဿဘသည် အခြားနွားတို့ မနင်းစေရန် စောင့်ရှောက် ကာကွယ်ပေး၏။ နွားထိန်း သည် စန္ဒ အမည်ရှိသော နွားလား စောင့်ရှောက်ခြင်းကြောင့် စန္ဒဂုတ္တဟူ၍ အမည် မှည့် ကာ မွေးမြူ ခဲ့၏။ ကြီးသောအခါ ဓနနန္ဒမင်းကိုသတ်၍ သာသနာသက္ကရာဇ်(၁၆၃)ခုတွင် စန္ဒဂုတ္တမင်း အဖြစ်သို့ ရောက်၍ ဘိသိက်သွန်း၏။ ထိုမင်းနန်းစံ (၂၄)နှစ်၊ မိဖုရားကား မောရိယပြည်၌ မင်းသမီးဘည်း၊ စန္ဒဂုတ္တလွန်သော် သားတော် ဗိန္ဒုသာရ(၁၆)တွင် အဘိသိက်ခံ၍ မင်းပြု၏။ ဗိန္ဒုသာရ မင်းကြီး၏မိဖုရားသည်လည်း မောရိယပြည်၌ သကျသာကီဝင် အနွယ်ဖြစ်သော ဓမ္မာမိဖုရားဖြစ်သည်။

ထိုမိဖုရား၏ သားတို့ကား အာသောကမင်းသားနှင့် ညီတော် တိဿမင်းသားဟူ၍နှစ်ယောက်ရှိ၏ ဘတူ မိပြားသောသားတို့ကား (၉၉)ပါးရှိကုန်၏။ဗိန္ဒုသာရမင်းကြီး နတ်ရွာစံလျှင် အာသောက မင်းသားသည် ဥဇ္ဇေနီပြည်မှလာ၍ အဘတူ အမိကွဲ ဖြစ်ကြ ကုန်သော သုမနမင်းမျိုး (၉၉)တို့ကို သတ်ပြီးလျှင် ထီးနန်းကို

www.dhammaransi.com




ဆက်ခံလေသည်။ ၄-နှစ်တိုင်တိုင် ဘိသိက်မသွန်းဘဲ ၅-နှစ်ရှိမှ သက္ကရာဇ်(၂၁၈)ခု ကဆုန်လတွင် ဇမ္ဗူဒီပါတကျွန်းလုံး ကေရာဇ် အဖြစ်ဖြင့် အဘိသိက်သွန်း၏။ (မင်းသားဖြစ်စဉ် အသောက-ကုမာရ၊ မင်းဖြစ်သော အခါ သီရိဓမ္မာသောက ခေါ်၏။ ဓမ္မာ မိဖုရား၏သားဖြစ်သောကြောင့် ဓမ္မာသောကခေါ်သည်။ မြန်မာ ပြည် သီရိခေတ္တရာ ရန်ဘောင်မင်းနှင့် မင်းပြိုင် ဖြစ်လေတည်း)။ ဓမ္မာသောကမင်းသည် နိဂြောဓသာမဏေဟောအပ်သော အပ္ပမာဒ ဒေသနာကို ကြားနာရသဖြင့် ခမည်းတော်ဗိန္ဒုသာရမင်း ကိုးကွယ် အပ်သော ပါသဏ္ဍမိစ္ဆာဒိဋ္ဌိအယူတို့ကို စွန့်ပယ်ပြီးလျှင် ဗုဒ္ဓဝါဒ သမ္မာ အယူမှန်သို့ သက်ဝင် ယုံကြည် လာသတည်း။ တနေ့သ၌ ဓမ္မာသောကမင်းကြီးသည် အဇာတသတ်မင်းနှင့် ရှင်မဟာကဿပ တို့မြှုပ်နှံထားအပ်သော မြတ်စွာဘုရား ဓာတ်တော်တို့ကို တူးဖော် ပြီးလျှင် မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော ဓမ္မက္ခန္ဓာ အားဖြင့် ရှစ်သောင်းလေးထောင်တို့သည် ဖြစ်ကုန်၏။ ထိုတရား တော်မြတ်တို့ကို ကြည်ညိုစေ၍ တပါးတပါးသော ဓမ္မက္ခန္ဓာကို တဆောင် တဆောင်သော ကျောင်းဖြင့် ပူဇော်အံ့ဟု တနေ့ တည်းလျှင် ကိုးဆဲ့ ခြောက်ကုဋေသော အသပြာတို့ကို စွန့်လှူ၍ ရှစ်သောင်းလေးထောင်သော မြို့တို့၌ ရှစ်သောင်း လေးထောင် သော ကျောင်းတို့ကိုငင်း၊ စေတီရှစ်သောင်းလေးထောင်တို့ကိုငင်း၊ ဓာတ်တော်ထည့်သွင်း၍တည်တော်မူသည်။

ငင်းစေတီတို့ကိုကား သံတောင် ၅-တောင်၊ ထီး ၅-ဆင့်မြင့် တော်မူ၏။ ထိုစေတီ ရှစ်သောင်းလေးထောင်တို့၌ မောရိယတိုင်း သုနာပရန္တတိုင်းအတွင်း သလ္လာဝတီချောင်းတွင်း မြစ်ကမ်း ဝဲယာ မုတ္တောကိုးဆူ အပါအဝင် ကင်းမုတ္တောလှကို တည်ထားတော်မူ သတည်း။

www.dhammaransi.com





မြတ်စွာဘုရားသခင် ဗောဓိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတ ရွှေဉာဏ်တော်
ရပြီးနောက်၊ စံတော်မူရာ သတ္တ-သတ္တာဟတွင် အပါအဝင်
တတိယ သတ္တာဟဖြစ်သော ရတနာစင်္ကြံ သတ္တာဟ။

www.dhammaransi.com




ဝါတို့ နေကြသည်ကို မြင်၍ ပြုံးတော်မူသည်၊ ပြုံးတော်မူကြောင်းကို ညီတော်အာနန္ဒာ မေးလျှောက်ရာတွင် မိန့် တော် မူ သည် ကား- ချစ်သားအာနန္ဒာ ငါပရိနိဗ္ဗာန်လွန်ပြီးသည်နောက်၊ ငါ၏သာသ နာတော် အနှစ်ခြောက်ရာ တိုင်သောအခါ ထို ရေကန်နှင့်ပေါက်ပင် ရာတွင် ပေါက္က ံပြည်ဟူ၍ ဖြစ်လိမ့်မည်၊ ဗျိုင်း အလိုသော်ကား သူတော်သူမြတ် ပေါများအံ့၊ ဖွတ်အလိုသော်ကာ လျှာနှစ်ခွရှိ၍ မုသာဝါဒပြောသူပေါအံ့၊ ဖားအလိုသော်ကား ချမ်းသာသူပေါအံ့၊ ထိုပြည်ကို မင်းပြုသောသူကား သမုဒ္ဒရာဇ်မင်းတည်း၊ ထိုမင်း၏ ပိုင်နက်ကား တောင်ဦးတောင်တွင်း ရမည်းသင်း စကု စလင်း ဖေါင်လင်း လယ်ကိုင်း စသော မြို့ တို့ ပိုင် ၍ ထို ပြည် ရွာ တို့ သည် ပေါက္က ံပြည်မှစ၍ စီပင်သာယာဝပြောရှိလတံ့၊ သမုဒ္ဒရာဇ် မင်းပြု သည်တွင် ငှက်ကြီး၊ ဝက်ကြီး၊ ဗူးပင်၊ ရှူးပျံတို့သည်လည်း မင်းမူ လိမ့်မည်၊ ထိုရန်သူလေးဦးတို့ကို နေမင်းသား လေးနှင့်ခွင်း၍ ငြိမ်းချမ်းသာယာလိမ့်မည်ဟု တန့်ကျည်း တောင်ထိပ်၌ ရပ်တော် မူသောအခါ ညီတော်အာနန္ဒာကို ဗျာဒိတ်စကား ကြားတော် မူသည်၊ ရေကန်နှင့်ပေါက်ပင်ရာတွင် သက္ကရာဇ် ၂၁၁-ခု၊ရောက်သော အခါ ပျူ့ပြားမင်းသည် ပုဂံမြို့ကိုတည်သည်။ ။

## “သမုဒ္ဒရာဇ်မင်း လက်ထက်ရန်သူကြီးများ”

(ငှက်ကြီးကား)။အဥသည် ဒ‌ေလျှားသုံးထောင် လုံးပတ်သုံးထွာ ရှိ၏၊ ဥက ပေါက်လျှင် ခံတွင်း နှစ်တောင် နှုတ်သီး နှစ်တောင် ရှည်၏၊ မျက်နှာကား ဘီလူးမျက်နှာ တူ၏၊ ထို့ကြောင့် ငှက်ဘီလူး နှင့် စားကြူးဆဲခဲ ဝက်ထီးရဲကို အောင်ပွဲခွင်းလတ် အရိမဒ္ဒဝယ်၊ ပစ်သတ်နေမျိုး၊ ရန်ညွန့်ချိုးသည်ဟု စပ်ဆိုခဲ့၏၊ လည်ပင်းလည်ရစ်

www.dhammaransi.com





မြတ်စွာဘုရားသခင် ဗောဓိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတ ရွှေဉာဏ်တော်
ရပြီးနောက်၊ စံတော်မူရာ သတ္တ-သတ္တာဟတွင် အပါအဝင်
တတိယ သတ္တာဟဖြစ်သော ရတနာစင်္ကြံ သတ္တာဟ။

www.dhammaransi.com



ဝါတို့ နေကြသည်ကို မြင်၍ ပြုံးတော်မူသည်၊ ပြုံးတော်မူကြောင်းကို ညီတော်အာနန္ဒာ မေးလျှောက်ရာတွင် မိန့်တော်မူသည် ကား- ချစ်သားအာနန္ဒာ ငါပရိနိဗ္ဗာန်လွန်ပြီးသည်နောက်၊ ငါ၏သာသ နာတော် အနှစ်ခြောက်ရာ တိုင်သောအခါ ထိုရေကန်နှင့်ပေါက်ပင် ရာတွင် ပေါက္ကံပြည်ဟူ၍ ဖြစ်လိမ့်မည်၊ ဗျိုင်း အလိုသော်ကား သူတော်သူမြတ် ပေါများအံ့၊ ဖွတ်အလိုသော်ကာ လျှာနှစ်ခွရှိ၍ မုသာဝါဒပြောသူပေါအံ့၊ ဖားအလိုသော်ကား ချမ်းသာသူပေါအံ့၊ ထိုပြည်ကို မင်းပြုသောသူကား သမုဒ္ဒရာဇ်မင်းတည်း၊ ထိုမင်း၏ ပိုင်နက်ကား တောင်ဦးတောင်တွင်း ရမည်းသင်း စကု စလင်း ဖေါင်လင်း လယ်ကိုင်း စသော မြို့တို့ ပိုင်၍ ထိုပြည် ရွာတို့ သည် ပေါက္ကံပြည်မှစ၍ စီပင်သာယာဝပြောရှိလတ္တံ့၊ သမုဒ္ဒရာဇ်မင်းပြု သည်တွင် ငှက်ကြီး၊ ဝက်ကြီး၊ ဗူးပင်၊ ရှူးပျံတို့သည်လည်း မင်းမူ လိမ့်မည်၊ ထိုရန်သူလေးဦးတို့ကို နေမင်းသား လေးနှင့်ခွင်း၍ ငြိမ်းချမ်းသာယာလိမ့်မည်ဟု တန့်ကျည်း တောင်ထိပ်၌ ရပ်တော် မူသောအခါ ညီတော်အာနန္ဒာကို ဗျာဒိတ်စကား ကြားတော် မူသည်၊ ရေကန်နှင့်ပေါက်ပင်ရာတွင် သက္ကရာဇ် ၂၁၁-ခု၊ရောက်သော အခါ ပျူပြားမင်းသည် ပုဂံမြို့ကိုတည်သည်။ ။

## "သမုဒ္ဒရာဇ်မင်း လက်ထက်ရန်သူကြီးများ"

(ငှက်ကြီးကား)။ အဥသည် အလျားသုံးထောင် လုံးပတ်သုံးထွာ ရှိ၏၊ ဥက ပေါက်လျှင် ခံတွင်း နှစ်တောင် နှုတ်သီး နှစ်တောင် ရှည်၏၊ မျက်နှာကား ဘီလူးမျက်နှာ တူ၏၊ ထို့ကြောင့် ငှက်ဘီလူး နှင့် စားကြူးဆိုခဲ့ ဝက်ထီးရဲကို အောင်ပွဲခွင်းလတ် အရိမဒ္ဒဝယ်၊ ပစ်သတ်နေမျိုး၊ ရန်ညွန့်ချိုးသည်ဟု စပ်ဆိုခဲ့၏၊ လည်ပင်းလည်ရစ်

www.dhammaransi.com





မြတ်စွာဘုရားသခင် ဗောဓိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတ ရွှေဉာဏ်တော် ရပြီးနောက်၊ စံတော်မူရာ သတ္တ-သတ္တာဟတွင် အပ္ပါအဝင် စတုတ္ထ သတ္တာဟ ဖြစ်သော ရတနာ ဃရ ရွှေအိမ်နေရာ။

www.dhammaransi.com


(ဗူးပင်မှာ)ပေါက်ကျ ပြည်အလုံးကို နွယ်၍ အရင်းအဖျားမသိနိုင်၊ နေ့အခါ ခုတ်ထွင်ရှင်းလင်း၍ ထားသော်လည်း ညဉ့်အခါစီပင်လာ၍ မိုးသောက်လျှင် ပကတိအတိုင်းပင် ရှိပြန်၏၊ စပါးမှုမလှမ်းသာအောင် ရှိခဲ့၏။

(ရှူးပျံကား)စဖိုအိမ်ဝင်၍ ကြက်ကိုယူသည်၊ နေ့ကိုပြန်သွား၍ ညဉ့်ကိုလာ၍ မွှေသည်၊ လေးဆဲ့ငါးနှစ်ကြာသတည်း။

ရတနာရွှေငွေ ကျောက်သံပတ္တမြား ဆင်မြင်းစသော လောကီရတနာအပေါင်းတို့နှင့် ပြည့်စုံသောကြောင့် (ပုဏ္ဏဂါမ)ခေါ်၏။ နောက်ကာလ- ဏကြီး-အက္ခရာ ကြေ၍-ပ- အက္ခရာမှာ နိဂ္ဂဟိတ်ဖြစ်ခါ ပုဂံဖြစ်လာသည်၊ တဖန် ပြူလူမျိုးတို့အစ တည်ထောင်သောကြောင့် ပြူဂါမ၊ ၎င်းမှ ပူဂါမ-ပုဂါမ ဖြစ်၏၊ ထို့ကြောင့် ရှေးဆရာမြတ်တို့သည် ပုဂါရာမဟု ပါဠိ စီကြလေသည်။

ဇာတာတော်ပုံ ရာဇဝင်အရ အရိမဒ္ဒနမြို့ သက္ကရာဇ် ၂၁၁-ခု တကူးလဆန်း(၁၅)ရက် တနင်္ဂနွေနေ့တွင် ပြူမင်းထီးတည်သည်၊ သိရိပစ္စယာမြို့ ၃၁၂ ခု ပြာသိုလဆန်း(၁)ရက် ကြာသာပတေးနေ့တွင် သည်လည်ကြောင်မင်းတည်သည်၊ ဒေါ်ဒေါ်ရသကိန်းအရ ဖို့ကြွင်း သက္ကရာဇ် ပုဂံမြို့ ၂၁၁-ခု ပြာသိုလ်လဆန်း (၆)ရက် ကြာသပတေးနေ့တွင် ပျဉ်ပြားမင်း တည်သည်၊ ခဆပဥ္စကိန်းအရ ဖို့ကြွင်း သက္ကရာဇ်။

www.dhammaransi.com





မြတ်စွာဘုရားသခင် ဗောဓိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတ ရွှေဉာဏ်တော် ရပြီးနောက်၊ စံတော်မူရာ သတ္တ-သတ္တာဟတွင် အပါအဝင် စတုတ္ထ သတ္တာဟ ဖြစ်သော ရတနာ ဃရ ရွှေအိမ်နေရာ။

www.dhammaransi.com


(ဗူးပင်မှာ)ပေါက်ကို ပြည်အလုံးကို နွယ်၍ အရင်းအဖျားမသိနိုင်၊ နေ့အခါ ခုတ်ထွင်ရှင်းလင်း၍ ထားသော်လည်း ညဥ့်အခါစီပင်လာ၍ မိုးသောက်လျှင် ပကတိအတိုင်းပင် ရှိပြန်၏၊ စပါးမှမလှမ်း သာအောင် ရှိခဲ့၏။


(ရှုးပျံကား)စဖိုအိမ်ဝင်၍ ကြက်ကိုယူသည်၊ နေ့ကိုပြန်သွား၍ ညဥ့်ကိုလာ၍ မွေသည်၊ လေးဆဲ့ငါးနှစ်ကြာသတည်း။

ရတနာရွှေငွေ ကျောက်သံပတ္တမြား ဆင်မြင်းစသော လောကီရတနာအပေါင်းတို့နှင့် ပြည့်စုံသောကြောင့် (ပုဏ္ဏဂါမ)ခေါ်၏။ နောက်ကာလ- ဏကြီး-အက္ခရာ ကြေ၍- ပ- အက္ခရာမှာ နိဂ္ဂဟိတ်ဖြစ်ခါ ပုဂံဖြစ်လာသည်၊ တဖန် ပြူလူမျိုးတို့အစ တည်ထောင်သောကြောင့် ပြူဂါမ၊ ၎င်းမှ ပူဂါမ-ပုဂါမ ဖြစ်၏၊ ထို့ကြောင့်ရှေးဆရာမြတ်တို့သည် ပုဂါရာမဟု ပါဠိ စီကြလေသည်။

ဇာတာတော်ပုံ ရာဇဝင်အရ အရိမဒ္ဒနမြို့ သက္ကရာဇ် ၂၁၁-ခု တကူးလဆန်း(၁၅)ရက် တနင်္ဂနွေနေ့တွင် ပြူမင်းထီးတည်သည်၊ သီရိပစ္စယာမြို့ ၃၁၂ ခု ပြာသိုလဆန်း(၁)ရက် ကြာသာပတေးနေ့တွင် သည်လည်ကြောင်မင်းတည်သည်၊ ဒေါဒေါရသကိန်းအရ ဖိုကြွင်း သက္ကရာဇ် ပုဂံမြို့ ၂၁၁-ခု ပြာသိုလ်လဆန်း (၆)ရက် ကြာသပတေးနေ့တွင် ပျဉ်ပြားမင်း တည်သည်၊ ခဆပဥ္စကိန်းအရ ဖိုကြွင်း သက္ကရာဇ်။

www.dhammaransi.com






မြတ်စွာဘုရားသခင် ဗောဓိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတ ရွှေဉာဏ်တော်
ရပြီးနောက်၊ စံတော်မူရာ သတ္တ-သတ္တာဟတွင် အပါအဝင်
ပဉ္စမ သတ္တာဟဖြစ်သော ဆိတ်ကျောင်း
ညောင်ပင်တည်ရာ ကျောင်းတိုက်။

www.dhammaransi.com


ပန်းဦးလွှတ်သည်ဆိုခါ ကျောင်းသို့သွား၍ ညှဉ့်ဦးကပင် လွှတ်ထားရလေသည်။ မလွှတ်ဘဲနေပါက ကြီးလေးသော အပြစ်ကိုပေးသည်ဟူ၏၊ ထို့ကြောင့် ရှေးအတီတော၊ ပုဂံပြည်တွင် ဆံကေသာ လက်လေးသစ်၊ မုတ်ဆိတ်မွေး ပရပြစ်၊ မဲညစ်သည့် စီဝရံနှင့် တာတေလံ အကျင့်ဆိုးသော ရှင်သိုးတကာ ထိပ်ခေါင်ကြီး၊ ရှင်မထီး ကဲ့သို့ဟု စလေဆရာ ဆိုခဲ့၏။

## ပွဲကြောင်း ဘုန်းကြီးများ

ပွဲကြောင်း ဘုန်းကြီးများ၊ ထိုဘုန်းကြီးများ၏ အနေအထိုင် အဝတ်အစားတို့မှာ တမယ်စင် အညိုရောင်ဝတ်၍ အင်္ကျီမပါဘဲ စလျားဖြင့် အသုံးပြုပြီးလျှင် ရှည်သောမုတ်ဆိတ်ထားခြင်း၊ လှည်းခြင်း ဘိနပ်စီးခြင်း၊ တည်းခိုနေထိုင်သော ကျောင်းသင်ခန်းတို့၌ နေထိုင်ခြင်း၊ လက်သုံး ဘောင်ဝှေး အိပ် စသည် စွဲကိုင်ခြင်း၊ ရသမျှသော ဆီ-ဆား-ဆံကိုငရင်း၊ သစ်သီးဝလံတို့ကိုငရင်း သုံးဆောင်ကြလေ၏။

## ဝတ်ပန်း


၎င်းနောက် ပေါ်ပေါက်လာသော ဘုန်းတော်ကြီးများမှာ ဆံကိုဖြတ်ခြင်း၊ စလျားအဝတ်အင်္ကျီမပါဘဲ သုံးသတ်ခြင်း၊ မြို့ရွာနှင့် မနီးမဝေးသော အရပ်၌ ကလေးမြေးငယ်များကို ထိန်းပေးရခြင်း၊ နတ်ပွဲဟူသမျှ တောင်ထိပ်သဘင် စသည်ဘို့၌ သွားရောက်၍ ကခုံစားသောက်ကြလေ၏။

## အရီး ပညာမဲ့များ

၎င်းနောက် အရီးပညာမဲ့များမှာ ခေါင်းတုံး စလျား အဝတ်ဝတ်ခြင်း၊ ခရီးဦးကြိုဆို၍ ငုံ့ယူခြင်း၊ သုဿာန်တစ စသည်တို့၌ သွားရောက်၍ အလှူခံခြင်း၊ မြို့တွင်းမြို့ပြင်၊ သာရေးနာရေး၊ သာဘာဝ၊ နာဘာဝတို့၌ စားသောက်ကြလေကုန်၏။

www.dhammaransi.com






မြတ်စွာဘုရားသခင် ဗောဓိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတ ရွှေဉာဏ်တော်
ရပြီးနောက်၊ စံတော်မူရာ သတ္တ-သတ္တာဟတွင် အပါအဝင်
ပဥ္စမ သတ္တာဟဖြစ်သော ဆိတ်ကျောင်း
ညောင်ပင်တည်ရာ ကျောင်းတိုက်။

www.dhammaransi.com


ပန်းဦးလှတ်သည်ဆိုခါ ကျောင်းသို့သွား၍ ညဥ့်ဦးကပင် လှတ်ထားရလေသည်။ မလှတ်ဘဲနေပါက ကြီးလေးသော အပြစ်ကိုပေးသည်ဟူ၏၊ ထို့ကြောင့် ရှေးအတိတော၊ ပုဂံပြည်တွင် ဆံကေသာ လက်လေးသစ်၊ မုတ်ဆိတ်မွေး ပရပြစ်၊ မဲညစ်သည့် စီဝရံနှင့် တာတေလံ အကျင့်ဆိုးသော ရှင်သိုးတကာ ထိပ်ခေါင်ကြီး၊ ရှင်မထီးကဲ့သို့ဟု စလေဆရာ ဆိုခဲ့၏။

## ပွဲကြောင်း ဘုန်းကြီးများ

ပွဲကြောင်း ဘုန်းကြီးများ၊ ထိုဘုန်းကြီးများ၏ အနေအထိုင် အဝတ်အစားတို့မှာ တမယ်စင် အညိုရောင်ဝတ်၍ အင်္ကျီမပါဘဲ စလျားဖြင့် အသုံးပြုပြီးလျှင် ရှည်သောမုတ်ဆိတ်ထားခြင်း၊ လှသခြင်း ဘိနပ်စီးခြင်း၊ တည်းခိုနေထိုင်သော ကျောင်းသင်ခန်းတို့၌ နေထိုင်ခြင်း၊ လက်သုံး ဘောင်ဝှေး အိပ် စသည် စွဲကိုင်ခြင်း၊ ရသမျှသော ဆီ-ဆား-ဆံကိုရှင်း၊ သစ်သီးဝလံတို့ကိုရှင်း သုံးဆောင်ကြလေ၏။

## ဝတ်ပန်း


၎င်းနောက် ပေါ်ပေါက်လာသော ဘုန်းတော်ကြီးများမှာ ဆံကိုဖြတ်ခြင်း၊ စလျားအဝတ်အင်္ကျီ မပါဘဲ သုံးသတ်ခြင်း၊ မြို့ရွာနှင့် မနီးမဝေးသော အရပ်၌ ကလေးမြေးငယ်များကို ထိန်းပေးရခြင်း၊ နတ်ပွဲဟူသမျှ တောင်ထိပ်သဘင် စသည်တို့၌ သွားရောက်၍ ကခုံစားသောက်ကြလေ၏။

## အရီး ပညာမဲ့များ

၎င်းနောက် အရီးပညာမဲ့များမှာ ခေါင်းတုံး စလျား အဝတ်ဝတ်ခြင်း၊ ခရီးဦးကြိုဆို၍ ငုံ့ယူခြင်း၊ သုသာန်တစ စသည်တို့၌ သွားရောက်၍ အလှူခံခြင်း၊ မြို့တွင်းမြို့ပြင်၊ သာရေးနာရေး၊ သာဘဝ၊ နာဘဝတို့၌ စားသောက်ကြလေကုန်၏။

www.dhammaransi.com






မြတ်စွာဘုရားသခင် ဗောဓိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတ ရွှေဉာဏ်တော်
ရပြီးနောက် စံတော်မူရာ သတ္တ-သတ္တာဟတွင် အပါအဝင်
ဆဋ္ဌမ သတ္တာဟဖြစ်သော မုစ္စလိန္ဒာ ရေအိုင်နေရာ။

www.dhammaransi.com


သလောက်ရသဖြင့် မိမိအမှတ်အသားဖြင့်သာ ရေးချွတ်ပြီးလျှင် တပည့်များကို သင်ကြားပေးလေ့ရှိ၏၊ ထိုပုဂ္ဂိုလ်များကို အချို့စာပေအရာ၌ ဥစ္စာစာရိက မုနိဟု ခေါ်ဆိုကြသည်။

ပုဂံပြည်၌ သက္ကရာဇ် ၄၅၅ ခု၊ ကြာသပတေးနေ့ နက္ခတ်(၈)လုံးအပြည့်တွင် အလောင်းစည်သူကို ဖွားမြင်လေသည်၊ ထိုနှစ်၌ပင်လျှင် ဘိုးတော် ကျန်ရစ်မင်းကြီးက ထီးမွေနန်းမွေကို ပေးတော်မူသည်။ အလောင်းစည်သူ မင်းလှငယ်ကိုကား ကလေးအရွယ် ငယ်ရွယ်စဉ်ကပင် ထီးနန်းကို လွှဲခဲ့သဖြင့် ရင်ခွင်ပိုက်မင်းတို့ ယူ၍ ရာဇဝင်ဆရာတို့ ဆိုကြ၏။

၎င်းအလောင်းစည်သူ နန်းတက် အိမ်နိမ့်စီးစိမ်တို့လည်း ရာဇဝင်တစောင်နှင့်တစောင် မတူညီကြပေ။

(၁) ဦးကုလား ရာဇဝင်နန်းတက် (၄၅၀) အိမ်နိမ့် (၁၅) စီးစိမ်(၇၀)။


(၂) မှန်နန်း မဟာရာဇဝင်နန်းတက်(၄၅၄) အိမ်နိမ့်(၇၅)

(၃) ဇာတာတော်ပုံ ရာဇဝင်နန်းတက်(၄၇၃) အိမ်နိမ့်(၁၈) စီးစိမ်(၅၆)။

ရွှေကူ ဒါယကာဆိုသည်မှာ မင်းဖြစ်စဉ် ရှေးဦးစွာ လက်မှန်ရွှေကူဘုရားကို တည်သောကြောင့် ဆိုသည်။

www.dhammaransi.com





မြတ်စွာဘုရားသခင် ဗောဓိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတ ရွှေဉာဏ်တော်
ရပြီးနောက် စံတော်မူရာ သတ္တ-သတ္တာဟတွင် အပါအဝင်
ဆဋ္ဌမ သတ္တာဟဖြစ်သော မုစ္စလိန္ဒာ ရေအိုင်နေရာ။

www.dhammaransi.com


သလောက် ရသဖြင့် မိမိအမှတ်အသားဖြင့်သာ ရေးချွတ်ပြီးလျှင် တပည့်များကို သင်ကြားပေးလေ့ရှိ၏၊ ထိုပုဂ္ဂိုလ်များကို အချို့ စာပေအရာ၌ ဥစ္စာစာရိက မုနိ ဟု ခေါ်ဆိုကြသည်။

ပုဂံပြည်၌ သက္ကရာဇ် ၄၅၅ ခု၊ ကြာသပတေးနေ့ နက္ခတ် (၈)လုံးအပြည့်တွင် အလောင်းစည်သူကို ဖွားမြင်လေသည်၊ ထိုနှစ်၌ပင်လျှင် ဘိုးတော် ကျန်ရစ်မင်းကြီးက ထီးမွေနန်းမွေကို ပေးတော်မူသည်။ အလောင်းစည်သူ မင်းလှငယ်ကိုကား ကလေးအရွယ် ငယ်ရွယ်စဉ်ကပင် ထီးနန်းကို လွှဲခဲ့သဖြင့် ရင်ခွင်ပိုက်မင်းတို့ ယူ၍ ရာဇဝင်ဆရာတို့ ဆိုကြ၏။

၎င်းအလောင်းစည်သူ နန်းတက် အိမ်နိမ့်စီးစိမ်တို့လည်း ရာဇဝင် တစောင်နှင့်တစောင် မတူညီကြပေ။


(၁) ဦးကုလား ရာဇဝင်နန်းတက် (၄၅၀) အိမ်နိမ့် ( ၁၅ ) စီးစိမ်(၇၀)။

(၂) မှန်နန်း မဟာရာဇဝင် နန်းတက်(၄၅၄) အိမ်နိမ့်( ၇၅ )

(၃) ဇာတာတော်ပုံ ရာဇဝင် နန်းတက်(၄၇၃) အိမ်နိမ့်(၁၈) စီးစိမ်(၅၆)။

ရွှေကူ ဒါယကာဆိုသည်မှာ မင်းဖြစ်စဉ် ရှေးဦးစွာ လက်မွန်ရွှေကူဘုရားကို တည်သောကြောင့် ဆိုသည်။

www.dhammaransi.com

မြတ်စွာဘုရားသခင် ဗောဓိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတ ရွှေညာဏ်တော်
ရပြီးနောက်၊ စံတော်မူရာ သတ္တ-သတ္တာဟတွင် အပါအဝင်
သတ္တမ-သတ္တာဟဖြစ်သော ရာဇာယတန သတ္တာဟ ခံနေရာ

www.dhammaransi.com

၄။

## ပညာရှိတပါး ရေးစပ်သော

# ရွှေကူဘုရား ဘွဲ့တေးထပ်

ကျွန်းဇမ္ဗူ ပတ်ပတ်လှည့်ပါလို့၊ သတ်မှတ်ဘိနယ်ကို၊ ကြပ်ကြပ်ပြည့် ဘယ်မလိုတယ်၊ ထယ်သကိုအင်အား၊ လောင်းစည်သူမင်းမဟာငယ် ယင်းတခါ ဦးစွာ့တည်ထား၊ ကုဋ္ဌီမြတ်ဂန္ဓ ရတနာလို၊ ဆန်းပြစ္စာရှိငြား၊ မှန်းဆကာ ကာဝိများရယ်နှင့် ညှိထားလို့တိုင်ပင်၊ စိန်ကျောက်နော် မွေ့သရီခပင်းကိုလ၊ စေတီတွင်း သွင်းလို့ထင်ထင်၊ နန်းတော်ဦး ကနက်ပလ္လင်တွင်၊ မပျက်ပင် ကြည်ကာနူးစေဘို့ ရည်ကာစူး ထူးတဲ့စေတနာ၊ ဖူးကွဲ့ ဝေနေယျာ ရွှေကူကြီး ပုထိုး ရတနာငယ်၊ တံခိုးဖြာ ပွင့်လင်းလှလေ။ ။

www.dhammaransi.com




(ဗုဓသံန) ဘုန်းတော်အလွန်ကြီးမြတ်တော် မူလှသော ရွှေငွေပတ္တမြား ပယင်း စသောတွင်းများသခင် ရာမညတိုင်းသုံးရပ်နှင့်တကွ များလှစွာသော စော်ဘွား မြို့စားတိုင်းကား ပြည်ထောင်အလုံး ယူကြုံးသိမ်းပိုက်၍ ထီးဖြူရာစင်း အမင်းမင်းတို့၏သခင် သဘော ဆိပ်မှူး အပေါင်းနှင့် ထီးဆောင်းမင်းတို့ ခ,ညွှတ်ရာဖြစ်သော စကြာနာဝါသခင်၊ ရွှေကူဒါယကာတော် ငါနရပတိ စည်သူသည် ရှေးရှေးသော ဘေးလောင်းတော် ဓမ္မာသောက တည်ထားတော်မူသော ကောင်းမှုတော်များသည် သံတိုင်ငါးတောင် ထီးငါး ဆင့်မြင့်တော်မူသည်။ ၎င်းကုသိုလ်တော်တို့ကို လှည့်လည်တော်မူ၍ ဖေါင်စကြာရတနာနှင့် အညာချင်းတွင်းသို့ ဖြန့်လှည့်တော်မူလျှင် အိပ်မက်ကို မြင်တော်မူမက်သည်ကား တနင်္ဂနွေနေ့ ညဥ့်သုံးဗဟိုရ်တွင် မှူးတော်မတ်တော်အပေါင်း ရဟန်းကောင်း သူမြတ်တို့ရှေ့ ကိုးပါးသော နဝနတ်ကို သိကြား လာ၍ပေးသည်လို့ မြင်မက်တော်မူသည်။ လင်းခါနီးတွင် မှူးတော်မတ်တော်တို့ကို မေးသော် ကိုးပါးသော နဝရတ်ကို ဆင်တော်မူလျှင် သက်တော်ရာ ကျော်ရှည် မည် ဟူ၍ နိမိတ်ဘတ်ပြီး၊ ကိုးဆူသော မုဌောကို အသီးသီးတည်တော်မူသည်။

တွင်းရွာ၊ ဝန်ဘို၊ လှေကူး၊ ယင်းကင်း၊ သစ်ခက်ယင်းရိန်၊ တုံဘိုင်၊ သစ်ရောင်း၊ ဝရာမပတာ၊ ကိုင်းရွှေတောင်၊ ငါကောင်းမှုပြုတော်မူသည်။ ကင်းရွာတွင် မုတ္တောလှကို တည်တော်မူသည်ကား သက္ကရာဇ် ၄၇၅-ခုနှစ် တပေါင်းလဆန်း ၅-ရက် စနေနေ့ နေ့တချက်တီးကျော် ငါးနာရီတွင် တည်သည်။ သိဃ်လင်္ဂ-တူစနေမိန်၊ အင်္ဂါကံမှာ ဗုဒ္ဓဟူးရာဟု နေလျက် သာသနာ ငါးထောင်ပတ်လုံး တည်စိမ့်သောငှာ တည်သည်။ ရွှေအုတ်(၈) ငွေအုတ်(၈)အတွင်း ရွှေပနက်(၄) ငွေပနက်(၄) အုတ်မြစ် နှစ်တောင် သုံးမိုက်၊ အတွင်း ဌာပနာတိုက်

www.dhammaransi.com





ဘုရားလောင်း သိဒ္ဓတ္ထမင်း ဘွားတော်မူရာ လုမ္ဗိဏီဥယျာဉ်
(ယခု နိုပေါလ်ပြည်တွင်း)

www.dhammaransi.com



အတောင်နှစ်ဆယ် အတွင်း၌ သွင်းသည်ကား ခုနစ်ဌာန တစုံ၊ တဌာနလျှင် ရွှေအချိန်(၃၄၀)၄၂းစီ ချည်းတည်း။

ရွှေဗောဓိနှစ်ပင် အချိန် ၂၅-ကျပ်စီ၊ ငွေလင်းလွန်းပင်(၂) အချိန် ၅၅-ကျပ်စီ ချည်းတည်း၊ မွေတော်ပေါင်း ၉-ဆူ နှစ်ကျိပ် ရှစ်ဆူသော ဗောဓိပလ္လင်ပါ တဆူလျှင် ရွှေအချိန် ၅၄-ကျပ်စီချည်း တည်း၊ အရှင် ဒီပင်္ကရာ ရုပ်ထု ဆွမ်းရပ်ဟံ အရှင်သုမေဓာပါ ရွှေ အချိန် ၁၂၀-ကျပ်၊ ရဟန္တာတဆဲ့နှစ်ဆူ ငွေအချိန် တပိဿာ၊ နောက် ၅,ကျပ်စီ ယုတ်၍ သွန်းလောင်းတော်မူသည်။

ရွှေဆီမီးတိုင်(၂) ငွေဆီမီးတိုင်(၂) မြဆီမီးတိုင်(၂) ပယင်း ဆင်းတု ရွှေပလ္လင်ပါ(၈)ဆူ၊ ရွှေပန်းခိုင် ငွေပန်းခိုင်(၈)နှင့်တကွ တည်ထားပြီးလျှင် ငါ့ကိုယ်စား ရုပ်ထု၊ ငါ့မိဖုရား ရုပ်ထု၊ ရွှေအချိန် တပိဿာစီချည်းတည်း၊ ငါ့မှူးတော် မတ်တော်တို့က ရုပ်ထုပေါင်း (၄၀) တဆူလျှင် ရွှေတပိဿာ၊ ငါ့မှူးတော် မတ်တော်တို့က ဆင်းတုပေါင်း(၄၈) တရုပ်လျှင် ငွေအချိန် ၈၀-ကျပ်စီ လုပ်ယူ၍ သွင်းထားပြီးလျှင် ဌာပနာတိုက်ကို ကြီးစွာသော ပွဲလမ်းသဘင် စံတော်မူ၍ ၎င်းလဆန်း ၃-ရက်နေ့ ပိတ်တော်မူ၍ ပစ္စယာကိုးဆင့် မြေမြင့်ပလ္လင် တည်တော်မူသည်။ ၎င်းပစ္စယာအထိ သပိတ်မှောက် တွင် မွေတော်ရှင်(၉)ဆူ၊ ရဟန္တာ မွေအံ်တော် စွယ်တော် ဦးခေါင်း တော် တို့ကို ရွှေပြဿဒ်အချိန် ၁၁၀ ကျပ်၊ မွေတော်ရှင် ကျောင်းတော်ရွှေကြုပ်(၃) တလုံးလျှင် ရွှေအချိန် ၁၅-ကျပ်၊


www.dhammaransi.com



မိုးကြိုး ၁၀-ကျပ်၊ ၎င်းအပေါ် ငွေ ၂၀-ကျပ်၊ ၎င်းအပေါ် ပဉ္စလောဟ(၃၀)လုပ်၍ ရွှေပြဿဒ်တွင် ထည့်ထားသည်။ ၎င်းလဆန်း သုံးရက် တနင်္ဂနွေနေ့ပြီးသည်။ ပထမရုပ်ထုတော် ဘော်အချိန်မှာ ၂၀၇၅-ကျပ်၊ ရွှေအချိန်မှာ ၂၀၆၅-ကျပ် ၅-မူး ရှိသတည်း။

www.dhammaransi.com





မြတ်စွာဘုရားသခင် ပဉ္စဝဂ္ဂီ ငါးဦးအား ဓမ္မစကြာတရား ဟောကြားတော်မူသော မိဂဒါဝုန်တောနေရာရှိ ဓမ္မက္ခစေတီ၊
(ယခု ဗာရာဏသီမြို့ အနီး)

www.dhammaransi.com

## ၅။


(ဇေယျတု သဗ္ဗမင်္ဂလံ) ကောဇာသက္ကရာဇ် ၁၂၅၃-ခု တပို့တွဲလဆန်း ၅-ရက်နေ့၊ အထက်မြန်မာပြည် မုံရွာခရိုင်၊ ကန်နီမြို့ မြောက်လက်-အထက်ကင်းရွာရှိ မုဏ္ဍောလှ စေတီတော်ကြီးသည် ဟောင်းနွမ်းပြိုပျက်နေသည့်အတွက် ပဋ္ဌမသင်္ဂါယနာတင် မင်းတုံးမင်းတရားကြီးကိုယ်တိုင် ဆက်ကပ်လှူဒါန်းအပ်သော အထွတ်ရွှေချကမ္မဝါတော်ဘတ် ထယ်လုံး ရွှေချ စာတော် ဘွဲ့တံဆိပ်တော် ရရှိတော်မူသော ယောငါးမြို့ ဂိုဏ်းချုပ် ကျေးဇူးတော်ရှင် အောက်ကင်းရွာ မဟာဗောဓိ ဆရာတော်ဘုရားကြီး အမှူးထားလျက် ဗောဓိ ကျောင်းဒကာကြီး ဦးပေါက်ပေါက်နှင့် ဇနီး ဒေါ်မင်းနွဲ့ သားသမီးတို့က စေတီတော်မြတ်ကြီးအား အရှည်ခိုင်ခန့် တည်တန့်စေရန်

www.dhammaransi.com



သောင်း ဖိုအုတ် ၂၁-ဖိုကို၊ ကိုယ်တိုင်ငှားရမ်း၍ စာချုပ်၏၊ တပေါင်းလဆန်း ၅-ရက်၊ ဗုဒ္ဓဟူးနေ့ နေ့တချက်တီး ၇-နာရီ ၁-ပါဒ်ပြည့် ရှစ်ဘဝါး အချိန်တွင် သံဃာတော်အရှင်မြတ်တို့အား အာဟာရဆွမ်း ခဲဘွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်း ကြွေးမွေး ပြီးလျှင် ပရိတ်တရားတော်တို့ကို နာကြားပြီးနောက် ရွှေပနက်တိုင် (၄) ငွေပနက်တိုင်(၄) ရွှေအုတ်(၈) ငွေအုတ်(၈) မြအုတ်(၈) ဖာလ်အုတ်(၈) မြတ်စွာဘုရားအုတ်မြစ် အရှေ့အနောက်၊ တောင် မြောက် အတောင်(၂၁)စတုရန်း အတောင်(၈၄) နောက်ထပ် စတုရန်း(၁၀၈)တောင် အုတ်မြစ်ချသည်။ မဟာရံတံတိုင်း လေး ဒေါင့်၊ စေတီ(၄)ဆူ၊ ပစ္စယာစေတီ(၄)ဆူ၊ အထက်ပစ္စယာ ကြာသွတ်အိုး(၄)လုံး၊ ရွှေပန်းခိုင်စိုက်(၄)ခု၊ သပိတ်တော်၊ ဘီလူး ပန်းဆွဲဖေါင်းရစ် ကြာမှောက်၊ ကြာလံ၊ ငှက်ပျောဘူး၊ ထီးတော် အထိ ပန်းတင်ခုံအဆက်မှ စ၍ ရွှေအပြည့် မွန်းမံတော်မူလျှက် ပြီးစီး အောင်မြင်ခြင်းသို့ ရောက်လေသည်။ တဖန် သက္ကရာဇ် ၁၃၀၀-ပြည့်၊ တော်သလင်း လဆန်း ၇-ရက်နေ့က၊ မြစ်ကမ်းပြိုပျက်သဖြင့် ၁၃၀၃-ခု၊ တပေါင်းလဆန်း ၅-ရက်နေ့ အစပြု၍ စတုတ္ထအကြိမ် ကျခတ်ဆရာတော် ဦးစန္ဒိမာ၊ အောက်ကင်းရွာ သန်းတော၊ တောရ ကျောင်း ဦးအာစိဏ္ဏဆရာတော်၊ အထက်ကင်း ဆရာတော် ဦးဂုဏ၊ ဦးသုမန၊ ရင်းကင်းရွာ သိမ်ကုံးဆရာတော်ဘုရားကြီး ဦးအိန္ဒော ဘာသ၊ စသော သံဃာတော်အရှင်မြတ်တို့ ဦးစီးလျှက် တိုက်သူကြီး မင်း ဦးစိန်ဖေနှင့် အောက်ကင်း၊ အထက်ကင်း လူကြီးလူကောင်း တပည့် တကာ - တကာမ၊ နယ်သူ နယ်သား များ တို့ ပါမကျန် အတန်တန်အဝဝ သဒ္ဓါဗလဝ စေတနာဖြင့် အသစ်ထပ်မံပြုပြင် တည်သွားကြရာ၊ သက္ကရာဇ် ၁၃၀၄-ခု၊ ဝါဆိုလဆန်း ၈-ရက် နေ့တွင် ပြီးစီးအောင်မြင်ခြင်းသို့ ရောက်သတည်း။

www.dhammaransi.com

မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံဝင်တော်မူသည့် နေရာတွင်
တည်ထားသော မဟာပရိနိဗ္ဗာန် စေတီ၊
(ယခု လတ်ကနောင်း ခရိုင်တွင်)

www.dhammaransi.com



ယခုပြီးစီးလျက်ရှိသော စေတီတော်သစ်မှာ မူလနေရာဟောင်းမှ တဖါလုံခန့် ဝေးကွာလျက် အင်္ဂါနံဘုရားကုန်း မြေပြန့်ပေါ်အရပ်၌ ရွှေ့ပြောင်းတည်ထားပါသည်။ အရပ်တော် အတောင် ၃၀-ကျော် ဘိနပ်တော် ၁၈-တောင်၊ ထီးတော် ၃-တောင်ရှိသည်။ ၎င်းနေရာမှာ အလောင်းစည်သူမင်းကြီး မုတ္တောကိုးဆူကို ထပ်မံတည်နေစဉ်အခါ ဗဟိုရ်ပူလျက် ခေတ္တယာယီ နန်းသစ်တည်ဆောက်ရာ ဖြစ်သည်ဟု ဆိုကြ၏၊ စေတီကြီး၏ အနောက်အရပ် ကပ်လျက် အင်ကြင်းပင် အပေါင်းတို့ ခြံရံနေသော နတ်ကွန်းတခုကား၊ အလောင်းစည်သူ၏ မိဖုရား နတ်ရွာစံသဖြင့် ၎င်းမိဖုရားအား အပိုင်စားပေးထားသည့် နတ်ကွန်းတခုဖြစ်၏၊ နတ်ကွန်းသို့ နှစ်စဉ်တပေါင်းလ အင်ကြင်း ပန်းတို့ သင်းရနံ့တကြူကြူ မွှေးပြန့်လျှက်ရှိသည့်အချိန်တွင် နယ်ပယ် လေးရပ်အတွင်းမှ လူများနှစ်စဉ် လာရောက်ကြ၍ ပန်းပွဲဆက်၊ ပန်းတော်ဆက်ကြရ၏၊ မိဖုရား၏အမည်မှာ ပန်းများယဉ် ပန်းမြရှင် မိဖုရားဟုခေါ်ကြသည်။ ငယ်မည်မှာ ရှင်ယင် ဟုခေါ်၏၊ ၎င်း ရှင်ယင်ကို အကြောင်းပြု၍"ယင်း"ခေါ်သည်။ ယင်းသူဟူ၍၎င်း၊ ဒီပဲရင်းသူဟူ၍၎င်း၊ ကသည်းမင်းသမီးဟူ၍၎င်း၊ ဝိဝါဒ ကွဲပြား လျက်ရှိ၏။ ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသောကြောင့် အလောင်း စည်သူ မိဖုရား အရာထားသည်ဟူသတတ်၊ မောင်တော်၏ နတ်ကွန်း မှာ မူလ မုတ္တောဘုရား၊ ကုန်းဟောင်း နေရာနှင့် အနီးကပ်လျက် အနောက်တောင်၌ရှိ၏၊ မောင်တော်, နှမတော် နတ်ကွန်းတို့၏ အကွာအဝေးမှာလည်း တဖါလုံသာသာမျှရှိမည်၊ မိဖုရားနတ်ရွာ စံ၍ မီးသင်းဂြိုလ်သည့်နေရာကို ယခု မယ်မင်းကြီး အိုင်ဟုတွင်လျက် တည်ရှိနေ၏။

www.dhammaransi.com




အထက်ကင်းရွာ ဦးရွှေသီး၊ ဒေါ်မယ်တင်တို့ အခင်းတောနှင့် ကပ်လျက်ရှိ၏၊ ၎င်းအခင်းခြံစီးရိုးအတွင်းမှာ အုတ်စ၊ အုတ်ဆွေး များ တွေ့ရှိသည်၊ မိဖုရားဂူချိုင်း ဖြစ်ဟန် တူ၏။ ရုပ်ကလာပ် အလောင်းကို တန်စူးဝါးဖြင့် ထိုး၍ သင်္ဂြိုဟ်ပြီး တန်စူးဝါးကို အဖျားက နေ၍ မြေကြီးထဲသို့ ထိုးစိုက်ထားရာ ဝါးပင်သည် အောက်သို့ ဇောက်ထိုးအညွန့်ထွက်လျက် ရှိနေလေသည်။ မိဖုရား နတ်ရွာစံသောအခါ သက်ရှိသတ္တဝါ မဆိုထားဘိ သက်မဲ့ဖြစ်ကြ သော တောပန်းတောင်ပန်းတို့ ဝေဝေဆာဆာ ဖူးပွင့်ကြလျက် ကျေးငှက်သာရကာအပေါင်းတို့လည်း မိဖုရားအား လွမ်းဆွတ်သည့် အနေပုံလို ဘာသာဘာဝမြည်ကြွေးကြကုန်၏၊ ထိုတော၏အနီး၌ ရှိသော အင်ကြင်းပင်အပေါင်းတို့လည်း လွမ်းဆွတ် ကြေကွဲသည့် ပမာ မိဖုရား၏သင်္ဂြိုဟ်ရာဖြစ်သော မယ်မင်းကြီးအိုင်သို့သာ ဝန်းရံ ညွတ်ခါ ယခုတိုင် ပေါက်ရောက် နေကြ၏။ သားနှစ်ယောက် တို့လည်း မယ်တော်မိဖုရားအလောင်း မီးသင်္ဂြိုဟ်ပြီးလျှင် ဝမ်းနည်း ကြေကွဲလှစွာ နောက်ဆုံးကြည့်ခြင်းဖြစ်၍ ဤနေရာကို"ကြည့်ခြင်း ညီနောင်"ဟု ခေါ်ဝေါ်သည်။ ရှေးကဘုရားနှစ်ဆူရှိသည်၊ ယခု မရှိတော့ပေ၊ နေရာသာရှိတော့သည်။

အောက်ကင်းရွာ တောင်ကျောင်းကြီး ဂန္ဓကုဋိတိုက်အတွင်း၌ သတင်းသုံးလျက်ရှိသော ရုပ်ရှင်တော်မြတ်ကား အလောင်းစည်သူ မင်းကြီးကိုးကွယ် လှူဒါန်းထားသော ရုပ်ပွားတော်မြတ် ဖြစ်သည်။ အထက်ကင်းမှ အောက်ကင်းရွာသို့ရောက်ရှိလာခြင်းအကြောင်းမှာ မင်းကင်းမြို့၊ တောင်တွင်းမြို့၊ ဘမ်းလက်မြို့၊ အော်မြို့၊ ကရားမြို့၊ မြို့ ၅ မြို့တို့ကို အုပ်ချုပ်ရသော မြို့ဝန်ဦးမင်းကလေး လက်ထက် ရောက်သောအခါ၊ ရွှေစကားဘုရားရုပ်ပွားတော်ကို ခိုးယူကြသည်ဟု

www.dhammaransi.com





မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံဝင်ပြီးနောက် ဝေသာလီပြည်တွင် ရှင်မဟာယသထေရ် အမှူးပြု၍ ဒုတိယ သင်္ဂါယနာ တင်သည့်နေရာ အာသောကာ ကျောက်တိုင်။

www.dhammaransi.com



သတင်းစကားကြားသိရသဖြင့် ငါတို့ကင်း၌လည်း သတင်းသုံးလျက် ရှိသောရုပ်ပွားတော်မှာလည်း ထိုနည်းတူစွာလူမသမာတို့ခိုးယူသွား ပါက နယ်သူနယ်သား၊ ရဟန်းရှင်လူတို့၏ စိတ်နှလုံးဝယ် ယူကြုံး မရဖြစ်ချေမည်ဟု တိုင်ပင်ကြခါ မဟာဗောဓိကျောင်း ဆရာတော် ဘုရားကြီး ဦးဝိသုဒ္ဓအမှူးပြုလျက် တပည့်တကာမ အပေါင်းတို့က လိုခြုံလှသည့် အောက်ကင်းရွာ ဘိုးဒီပသတင်းသုံးလျက် ရှိသော မယ်ဇလီကျောင်းတိုက်သို့ ပင့်ဆောင်၍ထားကြ၏၊ ပထမ မယ်ဇလီ ကျောင်း၊ ဒုတိယ သဲဖြူကျောင်း၊ တတိယ အလယ်ကျောင်း တွင် သည်။ ဤသမိုင်းရေးသူလည်း ၎င်းကျောင်း၌ နေခဲ့ဘူး၏။ ယခု အစိုးရ အလယ်တန်းကျောင်း ဖြစ်နေတော့သည်။ အချို့ကလည်း ချင်းလူမျိုးတို့ ထကြွသောင်းကျန်းသောကြောင့် အထက်ကင်းရွာ သည် လူနေအိမ်ခြေကနည်းပါးပြီး ကာကွယ်ခုခံရန် အင်အားမရှိ လှ၍ ပြောင်းရွှေ့ပင့်ဆောင်ရသည်ဟုဆိုသည်။ မူလ အထက်ကင်း ရွာကို ဆင်ဖြူရှင် မင်းတရားကြီး လက်ထက် တည်ထောင်သည်။ ကင်းထားသောကြောင့် ကင်းတွင်ခဲ့၏။ ကင်းခွန်မှာ ဘုရားမြေ ဖြစ်၍ သုံးလတကြိမ် ဘုရားရှင်မှာ ဆွမ်းလုပ်ကျွေးရသည် ဘုရားရှင် အတွင်းတာ၊ အလယ်တာ၊ အပြင်တာ၊ အတွင်းတာမှာ စွန်တဝဲ၊ အလယ်တာမှာ ဒေါင်းတတွန်၊ အပြင်တာကား ကုလလေးတာ ပြန်ငါးရာဖြစ်၏။ နောက်မင်းဆက်သမျှသည် မြေမှတ်သားပြီးဖြစ်၏။ ကျွန်ထီး ကျွန်မ အရှေ့ဘက်လယ်ပယ်သာ ထပ်ဆင့်၍ လှူသည်။ ဘုရားမြေဖြစ်၍ သုံးလတကြိမ် ဘုရားရှင်များမှာ ဆွမ်းကပ်ရန် လုပ်ကျွေးရသည်။


www.dhammaransi.com



သက္ကရာဇ် ၁၂၇၈-ခု၊ တပို့တွဲလပြည့်ကျော် ၈-ရက်နေ့တွင် ကင်းရွာနေ မောဓိကျောင်းတကာကြီး ဦးပေါက်ပေါက်က သားသမီးတစုတို့နှင့်အတူတကွ တိုင်ပင်ညီညွတ်၍ မဂ်ဖိုနိဗ္ဗာန် ရည်သန်တောင့်တလျက် မိမိတို့နေ့စဉ်မပြတ် ကိုးကွယ် တည်ထားသော ရွှေမုတ္တော မြတ်စွာဘုရားကို ကိုယ်တော်စား ရုပ်ပွားတော် ဆင်းတုတော် သရိယခာတ် မွေတော်မြတ်တို့ကို နေ့စဉ်မပြတ် ဆွမ်းကပ်လှူရန်အလို့ငှာ အစောင့်အရှောက် ဘုန်းထော်ကြီး ဦးဝရထံ အပ်နှင်း၍ ကင်းရွာဟောင်း မြောက်အင်ကြင်းကောင်း ပင်လယ်စပါး ၇၀-ကျော်ထွက် လယ်မြေရပ်ကို ကြေးပေးမြေရ ၁-ကျပ်သုံး ဒင်္ဂါးပြားရေ ၉၉-ကျပ် ၃ံ နှင့် ကင်းဗောဓိကျောင်း တကာကြီး ဦးပေါက်ပေါက်က သားသမီးတစုတို့နှင့် လှူဒါန်းပူဇော်သော လယ်မြေသစ်ခင်းလေးရပ် သတ်မှတ်သည့်အတွင်း ပေါက်ရောက်ရှိသည့် သရက်ပင်၊ ပိန္နဲပင်၊ ရှောက်ဝန်းပင်၊ သံပုရာပင်၊ မှန်ကလာပင်များတို့နှင့် ထန်းပင်ရေ ၂၀-ကျော်ပါ ရွှေမုတ္တော အုတ်ရိုး ကျောင်းတော်များကို ဆွမ်းတော်ကပ်ရန် ဆရာတော် ဦးဝရအရှင်ဘုရား ကပ်ပိယဒါယကာသို့ အပ်နှင်း၍ သုံးဆောင်တော်မူရန် ၎င်းစာချုပ်ဝင် လယ်များကို လှူဒါန်းပါသည်။

အောက်ကင်းရွာကို ကန်လယ်ဟု ရှေးက ခေါ်ဝေါ်ကြရာမှ မူလပထမ ရေကန် နှင့် လယ် ကို အကြောင်းပြု၍ ခေါ်ဟန်ရှိ၏၊ အထောက်အထား သက်သေတခု ရေကန်ကို အစွဲပြု၍ ကန်၏ဦးထိပ်၌ တည်သောကြောင့် ကန်ဦးခေါ်နိုင်သည်၊ နောက်မှ ကဏ္ဍ သုခ

www.dhammaransi.com

အထက်ကင်းရွာ မုတ္တောလှ စေတီတော်။

www.dhammaransi.com



**မင်္ဂလာဝစနာ** လင်္ကာရဖြစ်စေခြင်းငှာ ရွှေထည့်၍ ရွှေကန်ဦးခေါ် ကြ၏၊ ပုံစံမှာ ရွှေတိဂုံ၊ ရွှေမော်ဓော စသည်တည်း။ ဝတ်လယ်ကြီး စသော လယ်တို့မှာ ရွှေကန်ဦးဘုရား၏ ဝတ်မိုး ဝတ်မြေအတွက် လှူဒါန်းခဲ့ဟန်တူသည်။ ကင်းသန်း ညောင်ပင်ကြီး၏ အနီးရှိသော ဘုရားနီကား အလောင်းစည်သူမင်း ကုသိုလ်တော်ဖြစ်မည်၊ ယင်း စေတီပျက်ကြီးမှရရှိခဲ့သော ဘယ်တင်ညာချ ဘုမိဖုသန ပုံသဏ္ဍာန် ရုပ်ပွားတော်မှာ ပုဂံ ၁၂ ရာစုခေတ် ရုပ်ပွားတော်နှင့် ထပ်တူနေ ကြ၍ငင်း၊ အလောင်းစည်သူသာလျှင် တိုင်းခန်းလှည့်လည်ရာ၌ ရာဇဝင်ထင်ရှားခဲ့သောကြောင့်ငင်း၊ ဘုရားနီခေါ် စေတီကြီးမှာ အလောင်းစည်သူ၏ ကုသိုလ်တော်ဟု ဆုံးဖြတ်ကြပါစို့။ ငင်းစေ တီမှာ ကမ္ဗါး ပြိုပျက်သဖြင့် ယခု မရှိတော့ပေ။ ရွှေကန်ဦးရွာကို လည်း မည်သည့်မင်းလက်ထက်တည်သည်ဟု မပြောနိုင်ကြ၊ စင်စစ် ထိုဘုရားမှာ ရှေးအလွန်ကျသောဘုရား ဖြစ်နိုင်မည် ထင်ပါသည်။ ယခုကန်လယ်ကြီးအမည်ထင်ရှားရှိ၍ အောက်ကင်းရွာကို ကန်လယ် ခေါ်သည်မှာ ယုတ္တိရှိလှ၏။ ကန်ကြီးချောင်မှာ ယခုအင်း၏ အနောက်ဘက် ခင်းရိုးဘောင်ကုန်းနှင့် ကပ်လျက် နွေကာလတိုင် အောင် ဝမ်းဘဲ၊ ဟင်္သာ၊ စက္ကဝတ်၊ ရေကြက်တို့ အစာရှာခါ ပျော်မြူး ကြက်စားနေကြလေသည်။ အင်းရေကန်သည် ကြီးလှ နက်လှသောကြောင့် ကန်ကြီးချောင် ခေါ်သတတ်၊ မင်းကန် ချောင်မှာ မင်းနာခံဖြစ်သည့် သောင်သွတ်စော်ဘွားက ဆက်သော မောရိယနာဂရာဇ ဆင်ဖြူတော်သည် မင်းတုံး မင်းတရားကြီး လက်ထက် ဆင်ကျုံးမှထွက်ပြေး၍ ရွာစေရာ မဟူတောင် အိုက်မ

www.dhammaransi.com


တောတခွင် ဆင်ပေါင်းများစွာခြံရံလျက် သန်းတောမှလှည့်ပတ်၍ ဒင်လဲဆိပ်ကမ်းသို့ ရုံခါရုံခါ ရေသောက်ဆင်းလာသည်ကို လူအများ တွေ့ရှိကြလေ၏။ ထိုအခါ နေပြည်တော်မှလာသော လေးသမား၊ လက်နက်စွဲလူများ၊ မုဆိုးဝ်းများ၊ မင်း၏နာခံတော်များ တို့သည် သစ်ပင်ပေါ်မှ စောင့်မျှော်၍ ဆင်မင်းရေသောက်လာသောအခါ အမိန့်တော်ပြန်လေ၏။ ဆင်ဖြူတော်သည် အမိန့်တော်ကို ရိုသေစွာ ဒူးတုပ်လျက်နာခံပြီးမှ မိမိကိုယ်ကို အဖမ်းမခံဘဲ ထွက်ပြေးတော့ သည်။ သန်သန် မြန်မြန် ပြေးသောကြောင့် 'သန်တော' ရင်းမှ 'လန်းတော' ဖြစ်သည်။ 'မင်းနာခံ' မှ 'မင်းကံချောင်' ဖြစ်သည်။ ဒင်လဲဆိပ်ကျောက်ဆောင်ပေါ်၌ သူအိုမတယောက် တင်၍လဲနေ သောကြောင့် ယင်လဲ၊ တင်လဲမှ ဒင်လဲဖြစ်လာသည်။ ၎င်းသူအိုမ ကြီးအား ဆင်ဖြူတော်က ဆယ်ယူသတဲ့၊ လူအများတို့ အားလည်း ရန်မူခြင်း မရှိပေ။ ကင်းရွာ၌ အင်း(၉)အင်း၊ ကန်(၉)ကန်၊ ကုန်း(၉)ကုန်း၊ ကွင်း(၉)ကွင်း၊ ချောင်လည်း (၉) ချောင် ရှိ၏။ ၎င်း(၉)ချောင်မှာ....(၁) မိုးကောင်းချောင်၊ (၂) ကျလောင်း ချောင်၊ (၃) ကြက်ဖဘိုးချောင်၊ (၄) ကန်ကြီးချောင်၊ (၅) သစ်အုချောင်၊ (၆) မင်းကံချောင်၊ (၇) ငဆွေ့ချောင်၊ (၈) ရွှေတွင်းကြီးချောင်၊ (၉) နတ်လယ်ကြီးချောင်များ ဖြစ်ကြသည်။

ကင်းရွာသူကြီး ဦးသာဆန်း၊ ၎င်းဦးသာဆန်း လက်ထက်၊ ဂေါင်းများမှာ(၁)ဂေါင်းကြီး၊ (၂)ဂေါင်းငရိုး၊ (၃)ဂေါင်း သာဒွန်း၊ (၄) ဂေါင်းစော်ကား၊ (၅) ဂေါင်းကျူး၊ (၆) ဂေါင်းတက်အ၊ (၇) ဂေါင်းငွေယ်၊ (၈) ဂေါင်းအောင်မင်း၊

www.dhammaransi.com




ဓအောက်ကင်းရွာ မုတ္တောလှ ရုပ်ပွားတော်။

www.dhammaransi.com


ကင်းဂေါင်း လူရှစ်ယောက် ဖြစ်ပါသည်။ ဦးသာဆန်း၊ နောက် ဦးပို၊ ၎င်းသား ဦးစိန်ဖေ၊ ၎င်းသား ဦးထွန်းမောင်၊ ဦးညိုဖူး၊ ဦးဘညိုတို့ ယခုတိုင် အုပ်ချုပ်လျက်ရှိကြပေသည်။


သက္ကရာဇ် ၁၂၄၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၃) ရက်၊ အင်္ဂါနေ့ နံနက်စောစောအခါ၌ လူပေါင်း (၃၀၀) ကျော်တို့က ကင်းကို ဓားပြတိုက်ဖျက်ဆီးခံရသည်။ပဲကင်းရွာကို ရှေ့ကရေသာရွာခေါ်၏။ မိုးတွင်းအခါ ရေများပတ်လည်ဝန်းရံလျက်သာလွန်သော ကြောင့် ရေသာရွာခေါ်ခြင်းတရပ်၊ချင်းတွင်းမြစ်ရေသည် ပဲခင်းရွာ အောက်တောင်ခြေမှ စ၍ ကဲတောင်ရွာအထိ ကျောက်ဆောင်ငူကံမွါးတို့ ပေါများလျက် လှေသမားတို့သည်လည်း ပင်ပန်းကြီးစွာ လှိုင်းဂယက် ဝဲဂယက်တို့မှ ကျော်တက်ခါ ဆန်ကြရသည်။ ပဲခင်းရွာရောက်မှရေသည် သာသာယာယာ ရှိသောကြောင့် ရေသာရွာခေါ်ဝေါ်ခြင်း ဖြစ်ကြသတဲ့။ ယင်း ရေသာရွာ၌ သူကြီးဆက်များမှာ....(၁) သူကြီး ဦးဘိုးဘွင့်၊ (၂) ၎င်းသား သူကြီး ဦးရွှေရေး၊ (၃) သူကြီးဦးပုံး၊ (၄) သူကြီး ဦးစိုးမြေး၊ (၅) ဦးရန်အောင်၊ သား သူကြီး ဦးဘိုးမြ၊ (၆) သူကြီး ဦးဖြိုး၊ (၇)သူကြီး ဦးပျော်ဘွယ်၊ (၈) သူကြီး ဦးရွှေသီး။ ၎င်းရေသာရွာ သူကြီးရှစ်ဆက်ရှိပြီး နောက်အင်္ဂလိပ်မင်းလက်ထက် သူကြီး ဦးရှမ်းတုတ်ဖြစ်ကြပါသည်။ ၎င်းဦးရှမ်းတုတ်၏မျိုးရိုးမှာ ရိုးအိမ်မြှိုင်၊ ရိုးအိမ်စိုးညီအစ်မနှစ်ယောက်ရှိရာ ရိုးအိမ်မြှိုင်မှ ဦးသာဆန်း၊ ဦးသာဂျမ်း၊ ဦးတာတေ၊ မဘို့ ၄ ယောက်။ ရိုးအိမ်စိုးမှ ဦးရှမ်းတုတ်၊ဒေါ်ငြိမ်းဒွန်း၊၎င်းဒေါ်ငြိမ်းဒွန်းကား (ဤစာရေးသူ အမေကြီးဖြစ်ပါသည်) ဦးဘိုးမြ၊ ဦးဘိုးလှ၊ ဦးဘိုးသ ၅ ယောက်။နံစုရွာကား ရှမ်းသာဘာနန်းကို ရေခေါ်၏၊ စုမှာ မြန်မာဘာသာ အစုအဝေး၊ ရှမ်းနှင့်

www.dhammaransi.com


မြန်မာတွဲစပ်လျှက် 'နန်းစု' ကို 'နံ့စု' ဖြစ်လာသည်။ စိမ့်ရေ၊ စမ်းရေ၊ ချောင်းရေများ စုဝေးသည့်နေရာဟု အဓိပ္ပါယ်ရသည်။ ၎င်းရွာ၌ ရှေးက ရေသာရွာသူကြီးအုပ်ချုပ်ခဲ့၏၊ ယခု ကင်းသူကြီးတိုက်နယ်ဖြစ်နေ၍ ကာလဒေသတို့ကား ပြောင်းလဲမြဲဓမ္မတာပေ၊ ရှေးမှုတွေ့သမိုင်းအပြီးသတ်တည်း။

www.dhammaransi.com





အောက်ကင်းရွာ ဒကာ-ဒကာမများ။

www.dhammaransi.com

# ၆။

ဇမ္ဗူဒိတ်တကျွန်းလုံးကို အစိုးရတော်မူသော ပါဋလိပုတ်ပြည် ဘုရင် သီရိဓမ္မာသောကမင်းကြီးသည် အဇာတသတ်မင်းနှင့် ရှင်မဟာကဿပ မြှုပ်နှံထားအပ်သော မြတ်စွာဘုရား ဓာတ်တော်တို့ကို တူးဖော်ပြီးလျှင် မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်တို့သည် ဖြစ်ကုန်ရာ၏။ ထိုတရားတော်တို့ကို ကြည်ညိုစေ၍ တပါးတပါးသော ဓမ္မက္ခန္ဓာကို တဆောင် တဆောင်သော ကျောင်းတို့ဖြင့် ပူအော်အံ့ဟု တနေ့ တည်းသာလျှင် ကိုးဆဲ့ခြောက်ကုဋေသော အသပြာတို့ကို စွန့်၍ ရှစ်သောင်းလေးထောင်သောမြို့တို့၌ ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကိုရင်း၊ ရှစ်သောင်း လေးထောင်သော ကျောင်းတို့၌ သံတောင် ၅ တောင်၊ ထီး ၅ ဆင့်ရှိသော စေတီ ရှစ်သောင်း လေးထောင်တို့ကို ဓာတ်တော်နှင့်တကွ ဌာပနာ၍ တည်ထားသော

www.dhammaransi.com



အခါ နွယ်ပတ်မြို့(ကလေးမြို့ကိုဆိုလိုသည်)ကိုအုပ်စိုးသောလန္တပါလ မင်းအား သိရိမမှာသောကမင်းသည် တွက်စုကျဝေစုကျမောတ်တော်တို့ကို နွယ်ပတ်မြို့ပါ ညီနောင် သုံးယောက်တို့အား တည်ထားစေလေသည်။ (လ)ကို ရာဟုဖမ်းသောအခါ၌တည်ရာ သုံးနှစ်စေ့လျှင် တဖန် လ,ထိုရာဟုခံတွင်းမှလွတ်သောအခါ စေတီပြီးမြောက်လေ၏။ ထိုသို့ ပြီး မြောက် ကြောင်း ကို လည်း သိရိမမှာသောကမင်းအား သံတော်ဦးတင်လွှာ ဆက်ကပ်ရာ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာရှိ၍ တဖန် အကြည်တော်မင်းတို့တည်သော စေတီတော်သည် ရာဟုခံတွင်းမှ လွတ်ခဲ့သည့်အခါ ပြီးမြောက်အောင်မြင်သောကြောင့် (မုတ္တော-မုဒ္ဒော)စေတီဟု ကမ္ဗည်းတတ်တော်မူ၏။ (လ, ငပုတ်ဖမ်းခြင်း၌ မြေလုံးဝါဒီ ဆရာတို့အလိုကား လ,ငပုတ်ဖမ်းခြင်း အခါမှာ လပေါ် မြေကြီးလုံးအရိပ်ထိုးခြင်းကြောင့်ဖြစ်သည်ဟုဆို၏။ ဗုဒ္ဓဘာသာ ကျမ်းစာအရ မြေလုံးအရိပ်ထိုးခြင်း မဟုတ်ပေ၊ ရံခါ ရာဟုအသူရိန်နတ်မင်းကြီးသည် လဗိမာန်ကို ဖမ်းလေ၏။ လဗိမာန်၌ ရှိသောနတ်တို့သည် ကြောက်လန့်ကြကုန်၏။ ထိုအခါ လနတ်သား သည် မြတ်စွာဘုရားကို ကယ်ကော်မူပါဟု တောင်းပန်သောအခါ မြတ်စွာဘုရားသည် ဂါထာကို ရွတ်ဆို၍ ရာဟုအသူရိန်ကို ကြိမ်းမောင်းတော်မူရာ ရာဟုသည် လဗိမာန်ကို လွှတ်ပြေး၍ရလေ၏။

တထာဂတံ အရဟန္တံ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု ဗုဒ္ဓါ လောကာနုကမ္ပကာ။

အရဟန္တံ အရဟံဂုဏ်တော်နှင့်ပြည့်စုံတော်မူသော၊ တထာဂတံ ငါဘုရားကို စန္ဒိမာ လနတ်သားသည်၊ သရဏံ ကိုးကွယ်ရာဟူ၍၊ ဂတော ဆည်းကပ်၏။ “ဟဲ့....ရာဟု စန္ဒံ လဗိမာန်ကို၊ ပမုဉ္စဿု

www.dhammaransi.com



သမိုင်းပြုစုသူ  တိုက်အုပ် ဆရာတော် ဦးပဏ္ဍိတ
နာဂလိုဏ်ဂူ ကလေးဝတိုက်ကျောင်း၊ ရန်ကုန်မြို့။

www.dhammaransi.com



ယခုလွှတ်လော့၊ဗုဒ္ဓဘုရားတို့သည်၊ လောကနုကမ္ပကာ၊ လောကကို သနားစောင်မရကုန်၏။ နေဗိမာန်ကိုဖမ်းရာ၌လည်း အတူတူချည်း တည်း”ဟု ကျေးဇူးရှင် လယ်တီဆရာတော် မိန့်ကြားလေသည်။ ဤနေရာ၌ ရာဟုဂြိုဟ်ဟု ခေါ်ခြင်းမှာ ရာဇမတ္တဏ်ကျမ်း ဂဟာ ဘိဓာနအပိုင်းတွင် ဥပပ္လဝေါ ရာဟုဂြိုဟ်၊ ရာဟု ရာဟုဂြိုဟ်၊ သူရာရိ ရာဟုဂြိုဟ်၊ သီဟိကာ ရာဟုဂြိုဟ်၊ သုတောရာဟုဂြိုဟ်ဟူ၍ပရိယာယ် ၅-ပုဒ်ပြသည်။ အချို့နိသျ၌ သူရာရိဟုရှိ၏။ အဘိဓာန်ဋီကာ၌ ရဟာတိစန္ဒာဒိမိန့် သောဘံဇဟာပေတိတိရာဟု စန္ဒာဒိနံ လအစရှိသည် တို့၏၊ သောဘံ တင့်တယ်ထွန်းလင်းခြင်းကို၊ ဇယာပေတိ စွန့်စေ တတ်၏၊ ဣတိတသ္မာ ထို့ကြောင့်၊ ရာဟု-ရာဟု မည်၏။ ရာဟု သဒ္ဒါမှာ စွန့်ခြင်းအနက်ကိုရသည်။ ထိုရာဟုသည် နေ့လတို့အား ဖမ်းသည်ကိုပင် ငပုတ်ဖမ်းသည်ဟုခေါ်၏။ ဤကား (ဝေါဟာရ လိနတ္ထဒီပနီအဆို)။ ရာဇမတ္တဏ်ကျမ်း၊ ယောဂယတြာ ကျမ်းတို့၌ ကာလိင်္ဂတိုင်းသား ဗန္ဓုလအနွယ် သိမ်ဟိကာမြေစောင့်နတ်သမီး၏သား ရာဟုဖြစ်ကြောင်းကို ဆိုသည်။ သမ်ရိမမ္မာသောက မင်းကြီးသည် စေတီပေါင်း ရှစ်သောင်းလေးထောင် တည်ရာမှာ ရာဟုအသူရိန် နတ်မင်းကြီး လမင်းကိုဖမ်းငုံသောအခါ၌စ၍တည်ရာ သုံးနှစ်ကြာမှ ဘဖန်လငပုယ်ဖမ်းသည့်နေ့၌ပင်လျှင် အားလုံးတပြိုင်နက် ပြီးလေ၏။

သုံးနှစ်ကြာသော်လည်း တနေ့တည်းပင် ပြုလုပ်တည်ထားခြင်း ကိစ္စ ပြီးသယောင်ယောင်နှင့် ဧကဒိဝသမေဝဟု ဆိုသော်လည်း စင်စစ် တနေ့တနေ့တည်း မယူရ၊ ထို့ကြောင့်၊ သမ္ဘဝိဟာရေသုကိရ ရာဟုနာ စန္ဒဿဂဟဏ ဒိဝသေနေဝ ကမ္မံအာရ ဘိတ္တာပုနရာဟုနာ စန္ဒဿဂဟဏ ဒိဝသေယေဝ နိဋ္ဌာပေသုံ ဟုလာ၏။ ထိုစေတီ ရှစ်သောင်း လေးထောင် တို့ကို ရာဟု အသူရိန်နတ်မင်းကြီးသည်

www.dhammaransi.com



လဗိမာန်ကိုဖမ်းသည့်နေ့မှစ၍ တည်ထားဆောက်လုပ်ရာသုံးနှစ်ကြာလျှင် တဖန် လဗိမာန်ကို ရာဟုဖမ်းငုံသောနေ့၌ပင်လျှင် ထိုစေတီအပေါင်းတို့ တပြိုင်နက် ပြီးစီးအောင်မြင်သည် ဖြစ်၍သာ တနေ့တည်း၊ တရက်တည်း ပြီးစီးအောင်မြင်သည်ဟု အဌာကထာ၌ဆိုသည်။ တောင်ငူမင်း နတ်သျှင်နောင်ဆိုသော မုတ္တောဘုရားတိုင်ရတု၌ "တသောင်းရှစ်ပြန်၊ လေးထောင်လွန်သား၊ ယုဂန်လှည့်သွားလရထားနှင့် နတ်သားနီးကြ သောကာလဝယ် သောကဓမ္မာ ဌာပနာသား သစ္စာညာဏ်ပေါင်း မရှုတောင်းသည့် ညီနှောင်း နောင်စောမြတ်မုတ္တော...."ဟု တောင်ငူ၌ရှိသော မုတ္တောဘုရားကို ဖွဲ့ဆိုသည်။ ဆိုလိုရင်း အဓိပ္ပါယ်ကား ရှစ်သောင်းလေးထောင် အမြင့်ရှိသော ယုဂန္ဓိုရ်တောင်နှင့် မျှသော ကောင်းကင်ခရီး၌ ကမ္ဘာ့တံဆာဓမ္မတာအားဖြင့် လှည့်လည်၍သွားလာသော လဗိမာန်နှင့်အသူရိန်နတ်သားနီးကြသောအခါဝယ် (ဝါ) လငပုတ်ဖမ်းသောအခါ သီရိဓမ္မာသောက ဌာပနာ၌ တည်ထားသော သစ္စာညာဏ်၊ မဂ်လာညာဏ်အပေါင်းဖြင့် နိဗ္ဗာန်ကို သိမြင်တော်မူသော နောင်ပွင့်မည့်အရိမိတေယျ ဘုရားရှင်၊ နောင်တော်ဖြစ်သော မြတ်လှစွာသော မုတ္တောရှင်ချစ်ဟုဆိုလိုသည်။ မုတ္တောဆိုသည်မှာ လ,ကိုရာဟုဖမ်း၍လွတ်သောအခါကိုစွဲ၍ မုစ္စတိ မုစ္စိတ္တောတိ။ မုတ္တော မုတ္တောဝေမုတ္တော မုစ္စတိလွတ်ဆဲ မုစိတ္တ လွတ်ပြီ၊ ဣတိ ထို့ကြောင့်၊ မုတ္တောမုတ္တမည်၏။ ဒန္တဇ ပဥ္စမက္ခရာတကို ဒန္တဇ ဒုတိယက္ခရာထပြု၍ထားသည် မုတ္တ သဒ္ဒါမှ မုတ္တောဖြစ်သည်ဆိုလိုသည်။

မုတ္တောဝေ မုတ္တသည်ပင်လျှင် မုဋ္ဌော မုဋ္ဌမည်၏။ ဒန္တဇထကို မုဒ္ဓဇ-ဌ-ပြု၊ အချို့ဆရာတို့လည်း မုဋ္ဌပမာဏ တမိုက်အတိုင်းအရှည်ရှိသော၊ ပဋိမံ ဆင်းတုတော်သည်၊ အတ္ထိ ရှိ၏။ ဣတိ


www.dhammaransi.com



တို့ကြောင့်၊ မုဋ္ဌော-မုဋ္ဌမည်၏။ သီရိဓမ္မာမင်းကြီး၏ လက်ရှစ်သစ် ပမာရှိသော ဆင်းတုတော်ကို ဓာတ်တော်နှင့်တကွ ဌာပနာထား သောကြောင့် မုဋ္ဌမည်၏ ဆိုသည် (၀၁) မုဋ္ဌော ဖြစ်လာသည်။ ရွှေမုတ္တောမှာ မြတ်စွာဘုရားဓာတ်တော် လုံးရေ (၁၀၀) ကျော်၊ သိင်္ဂနိတ်ဇမ္ဗူရစ်ရွှေသားစစ် ရွှေထီးငယ်တမိုက်ခန့်ကို ဌာပနာထား သောကြောင့် ရွှေဟူသော အမည်အစဉ် တတ်ထားကြလေသည်။ မုဋ္ဌော မုသဓာတ် ဂဟနတ္ထ ယူခြင်း အနက်ဟော၊ တ ကို ဋ္ဌ ပြု၊ သ အက္ခရာချေ မုဋ္ဌောပုဒ်ပြီး။ လန္တပါ မင်းကြီးသည် သီရိဓမ္မာ သောကမင်းကြီးထံမှ ရအပ်သော ဓာတ်တော်တို့ကို သလ္လာဝတီ ချင်းတွင်းမြစ်၌ မုတ္တောကိုးဆူ၊ ဂူကိုးလုံးတည်၍ ဌာပနာတော်မူ၏၊ အမည်တို့ကား....(၁) ကလေး၀၊ (၂) ကိုင်း၊ (၃) အူရွာ၊ (၄) လှေကူးရွာ၊ (၅) ကံရွာ၊ (၆) မတောရွာ၊ (၇) ဘိုင်ရွာ၊ (၈) ကူကြီးရွာ၊ (၉) ကင်းရွာ၊ (၁၀) ယင်းရွာ၊ (၁၁) ယင်းရိမ်ရွာ၊ (၁၂) လက်ပံစုရွာ၊ (၁၃) ဝရာရွာ၊ (၁၄) မဲတင်ရွာ၊ (၁၅) ငဖျက်ရွာ၊ (၁၆) ပန်းဆိုင်းရွာ၊ (၁၇) ဝန်ဘိုရွာ၊ (၁၈) နတ် သပ္ပိရွာများဖြစ်ကြလေသည်။

www.dhammaransi.com





အထက်ကင်းရွာ မုတ္တောလှ စေတီတော်။

www.dhammaransi.com

# ၇။

## မင်းကင်းသမိုင်းမှ

၁။ ကလေးဝမှတွေ့ သော ကိုင်းရွာ ရွှေကူ တန်တောင်မှန်းလ။
၂။ အူရွာမှတွေ့သော လှေကူးရွာ ရွှေကူ နတ္တော်လ။
၃။ မတောရွာမှတွေ့သော ကံရွာ ရွှေကူ ပြာသိုလ။
၄။ ဘိုင်ရွာမှတွေ့သော ကူကြီးရွာ ရွှေကူ တပို့တွဲလ။
၅။ ကင်းရွာမှတွေ့သော ယင်းရွာ ရွှေကူ တပေါင်းလ။
၆။ ရင်းရိမ်ရွာမှတွေ့သော လက်ပံ ရွှေကူ တန်ခူးလ။
၇။ ဝရာမှတွေ့သော မံတင်ရွာ ရွှေကူ ကဆုန်လ။
၈။ ငဖျက်ရွာမှတွေ့သော ပန်းဆိုင်းရွာရွှေကူ နယုန်လ။
၉။ ဝန်ဘိုရွာမှတွေ့သော နတ်လပို့ရွာ ရွှေကူ ဝါဆိုလ။

www.dhammaransi.com



( ဇမ္ဗူဒီပဦးဆောင်ကျမ်းမှ )

ကင်းမုတ္တောကို နရပတိစည်သူ မင်းတရားကြီးသည် သီရိဓမ္မာ သောကမင်းကြီးတည်ထားရာကို ထပ်၍မွမ်းမံလှူသည်တွင် ရွှေချိန် ၄၂၊ ကောင်းမှုတော် ဂ၊ အုံနလုံ ၁၁ ဆူ၊ မြတ်စွာဘုရားဌာပနာ ၁၄၊ အတွင်းအပြင်ဌာပနာ ၂၅၊ ဘုရားရုပ်ထုရွှေငွေပုလဲပချုပ်နှင့် တည်၍ ဌာပနာသည်။ ရွှေချိန် ၄၂၊ ကောင်းမှုတော် ဂ ဆူ၊ အုံနလုံ ၁၁ ဆူ၊ မြတ်စွာဘုရားရုပ်ထု ဌာပနာသည့်ကာလ မြေပယ် ၃၁၀ နှင့် ကျွန်လေးပိုင်မယား မိချစ်သား ငရွှမ်းသမီး မိတာ မိပုံနှင့် ၄ အိမ်ထောင်မှုသည့် မြေနယ်ပယ်ကား.... ဒေါင်းတာတွန်၊ စွန်တာဲ၊ ပြင်ကုလလေးတာ အပြန် ၅၀၀၊ န၀ရတ်ရှင် ကိုးပါးကို ရသည်အိပ်မက်၍ အလောင်းစည်သူမင်းကြီးက သမားဖြူ သမားညို တို့ကိုမေးလျှင် သမားဖြူ သမားညိုတို့က အလောင်းတော် (၉) ဆူ၊ ဘုရား (၉) တည်သည့် အရပ် မုထောရှိသည်ဟု လျှောက်သည်၊ ၎င်းအရပ်တွင် မိန်းမရှင်ယင်ကို တွေ့ရာအရပ်သို့ ယင်းတွင်သည်၊ ရှင်သေ၍ ကင်းရာအရပ်ကို ကင်းတွင်စေသည့် သမုတ်သည်၊ မုဌော ကိုးဆူ၊ ဂူကိုးလုံးတို့တွင် ကင်းမုတ္တောကို အလောင်းစည်သူမင်းကြီး လက်ထက် မုတ္တောလှုတွင်သည်၊ သီရိဓမ္မာသောကမင်း လက်ထက် မုတ္တောသက်ရှည်သမုတ်သည်။

www.dhammaransi.com



## ပရပိုက်ဖြိုမှ ရတနာသိင်္ဂမင်းဆက်

| | ကောဇာ၊ | နံ၊ | အိမ်နိမ့်၊ | နန်းစံ |
|---|---|---|---|---|
| အလောင်းမင်းတရားကြီး | ၁၁၁၄ | ၆ | ၃၈ | ၈ |
| ၎င်း သား နောင်တော်ကြီး | ၁၁၂၂ | ၃ | ၂၇ | ၄ |
| ၎င်း ညီတော် ဆင်ဖြူရှင် | ၁၁၂၅ | ၁ | ၂၈ | ၁၂ |
| ၎င်း သားတော် စဉ့်ကူမင်း | ၁၁၃၇ | ၂ | ၂၀ | ၆ |
| ၎င်းနောင်တော်ကြီးသားတော် ဖေါင်ကားစား | ၁၁၄၃ | ၅ | ၂၈ | ၇ |
| အလောင်းမင်းတရား သားတော် ဘိုးတော်ကြီး | ၁၁၄၃ | ၂ | ၃၇ | ၃၈ |
| ၎င်း မြေးတော်နောင်တော်ကြီး | ၁၁၈၁ | ၆ | ၃၅ | ၁၈ |
| ၎င်း ညီတော် ကုန်းဘောင် | ၁၁၉၉ | ၄ | ၅၁ | ၉ |
| ၎င်း သားတော် ပုဂံမင်း | ၁၂၀၈ | ၆ | ၃၅ | ၆ |
| ၎င်း ညီတော် မင်းတုံးမင်း | ၁၂၁၄ | ၁ | ၃၈ | ၂၆ |
| ၎င်း သားတော် သီပေါမင်း | ၁၂၄၀ | ၀ | | |

## မြို့တည်

ကြာအိုးအံ (၂၁၁) ပုဂံတည်၊
သော်တာလ(၆၇၄) ပန်းရတည်၊
သာယာဝိုင်း (၆၈၄) စစ်ကိုင်းတည်၊
တုပ်ခွံသ(၇၂၆) အဝတည်၊
ဥသြသြော်မည်(၁၁၁၅) ကုန်းဘောင်တည်၊
ဥသြလှေဝ(၁၁၄၄) အမရတည်၊
အောင်ကျော်ချမ်းအေး(၁၂၂၁)မန္တလေးတည်။

www.dhammaransi.com



## ရွှေထီးသိုက်

သဇင်အင်ကြင်းပွင့်၊ ကသစ်လေးလုံးဆင့်၊ အမြင့်ကောင်းကင်ပုံ့မှုစ္ဆိုးအောင်းသည့်ချုံ။(ရာဇဝင်သိုက်ထွက်) သစ္စာအင်္ဂကြိုင်သင်းခံ ထွန်းဝင်း၊ (ရာဇဝင်ချုပ်ထွက်)သစ္စာအကျင့်မှန်၊ ကောင်းသည့် လသင်ညာဏ် တမန်အစောင့်ထား မှုစ္ဆိုးတဆယ့်ငါး (မန္တလေး တောင်ညွန်း သိုက်အထွက်) သစ္စာအင်္ဂမြင့်ခက်သွယ်၊ ၁ါးသုံးဆင့် အမြင့် သုံးထောင့်ထွာ၊ သဇာအုတ်ဂါပ်ပျသော လ-သ-စ-အ ရောက်တိုင်းအောင်ခဲ့၏။

(သ) သောကြာသား ဦးအောင်ဇေယျ ၁၁၁၅ ရွှေဘိုကို ရတနာသိင်္ခမြို့တော် သမုတ်၍ နန်းတည်သည်၊ နန်းသက် ၇-နှစ် နန်းစံသည်။

(စ္စာ) အင်္ဂါသား နောင်တော်ကြီး ၁၁၂၂-ခုနှစ်၊ စစ်ကိုင်းမြို့တည်၊ ၃-နှစ်နန်းစံ။

( အ ) တနင်္ဂနွေသား ဆင်ဖြူရှင်၊ ၁၁၂၅-ခုနှစ်၊ ရတနာပူရနန်းတည်၊ ၁၃-နှစ်နန်းစံ။

( ကျင့် ) တနင်္လာသား စဉ့်ကူးမင်း၊ ၁၁၃၈-ခုနှစ်၊ နန်းတက်၊ ၅ နှစ်နန်းစံ။

( မှန် ) ကြာသပတေးသား ဖောင်းကားစား၊ ၁၁၄၃-ခုနှစ်၊ ရတနာပူရမှာနန်းတက်၊ နန်းစံ ၅-နှစ်။

(ကောင်း) တနင်္လာသား ဘိုးတော်မင်း၊ ၁၁၄၃-ခု၊အမရပူရနန်းတည်၊ ၁၁၄၄-ခုနှစ် နန်းတက်၊ နန်းစံ ၃၇-နှစ်။

www.dhammaransi.com



(သည်) သောကြာသား ဘိုးတော်မြေး၊ နေခင်တော်ကြီး၊ ၁၁၈၁-ခုနှစ် နန်းတက်၊ ရတနာပူရပြောင်း၍ နန်းစံ ၁၉-နှစ်။

(လ) ဗုဒ္ဓဟူးသား သာယာဝတီမင်း၊ ၁၂၀၀-ပြည့်နှစ်၊ အမရပူရတည်၊ နန်းစံ ၈-နှစ်။

(သင်) သောကြာသား ပုဂံမင်း၊ ၁၂၀၈-ခုနှစ် နန်းတက်၊ နန်းစံ ၇-နှစ်။

(ညာဏ်) အင်္ဂါသား မင်းတုံးမင်း၊ ၁၂၁၅-ခု၊ အမရပူရ၊ နန်းစံ ၁၂၂၁-ခု၊ မန္တလေး နန်းတည်၊ နန်းစံ ၂၅-နှစ်။

(တ) စနေသား သီပေါမင်း၊ ၁၂၄၀-ပြည့် နန်းတက်၊ နန်းစံ ၇ နှစ်။

(အချို့ဆရာများအဆို) သစ္စာအကျင့်မှန်းကူးသည် လသစ္စာ တမန်အစောင့်ထား၊ မုဆိုးတကျိပ်ငါး၊ မုဆိုးစားကြွင်းဆန်တတင်း၊ အဖျင်းသုံးစလယ်။

www.dhammaransi.com



## မြို့ပျက်သက္ကရာဇ်များမှာ

၇၂၄-ခု၊ စစ်ကိုင်းပျက်သည်။ ၇၂၇-ခု၊ ပင်းယပျက်သည်။ ၇၇၄-ခု၊ တောင်တွင်းကြီးပျက်သည်။ ၈၈၁-ခု၊ အင်းဝပျက်သည်။ ၁၁၈၆-ခု၊ မြန်မာနိုင်ငံ အောက်ပိုင်း ရေး၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင်စသောမြို့တို့ကို အင်္ဂလိပ်သိမ်းယူသည့်။ ၁၂၄၇-ခုနှစ် မန္တလေးကိုသိမ်းသည်။

နရသူ မင်းသား၊ နရသိင်္ခ၊ နရသိင်္ခ ညီတော် နရပတိစည်သူ လက်ထက် လှေတော်သင်္ကန်ကဦး စကားရှက်တို့ကို ဘုရားထုလုပ်တော်မူ၏။ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွား အလို့ငှာ သာသနာငါးထောင်တည်ရစ်စေဟူ၍ ကလေးမြို့တဆူ၊ မင်းခင်းမြို့တဆူ၊ မြေဒူးမြို့တဆူ၊ စည်ပုတ္တရာမြို့တဆူ၊ ကြံညှပ်မြို့တဆူ၊ စဥ့်ကူမြို့တဆူ၊ မုဆိုးဘိုမြို့တဆူ၊ စမွန်မြို့တဆူ၊ စစ်ကိုင်းမြို့တဆူ ဟူ၍ ကိုးဆူ-ကိုးဂူတည်၍ သတင်းသုံးတော် မူရ၏။ ဘုရားကိုးဆူကို ထုလုပ်၍ စင်လွင့်သော စူးစာ ဆောက်စာတို့ကို စုရုံး၍ ထုလုပ်သော ဘုရားတဆူကိုလည်း အမြင့်မြို့၌ သတင်းသုံးတော်မူရ၏။

## ရွှေဂူမြင့်ဘုရားသမိုင်း

| | |
|---|---|
| ၁။ မြေဒူးမြို့ ရွှေကူမြင့် | ၂။ စေတုတ္တရာမြို့ရွှေလင်းမင်။ |
| ၃။ စမွန်မြို့ ရွှေစကားကြီး | ၄။ စစ်ကိုင်းမြို့ ရတနာမဥ္ဇူ။ |
| ၅။ မုဆိုးဘိုမြို့ ရွှေတံဆာ | ၆။ မင်းကင်းမြို့ ရွှေစကား။ |
| ၇။ စဥ့်ကူမြို့ ရွှေတောမဲ | ၈။ ကလေးမြို့ စကားလှ။ |
| ၉။ ကြံညှပ်မြို့ ရွှေစကား | ၁၀။ အမြင့်မြို့ မံဘုရား။ |

www.dhammaransi.com



# ဘုရားသိုက်

ငါဘုရားသာသနာ ၅၀၀၀ အတွင်း တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့ အစိန္တေယျ သုံးလူထွဋ်သဗ္ဗညု မြတ်စွာဘုရားသည် ပလလဲတောဝ၌ သီတင်းသုံးနေတော်မူသောအခါ လေးဦးသားတို့ ပူဇော် သက္ကာရ ရောက်လာကြသည်မှာ ပလလဲ ဆင်မင်းသည် ကြာမျိုးငါးပါးနှင့် ပူဇော်လာလေ၏။ ကေသရ ကြက်တူရွေးသည် အဗ္ဗန်တရ သရက်ဖူးသီးနှင့် ပူဇော်လာ၏။ မဟိန္ဒ ကျီးမင်းသည် စကားပွင့်-စပါယ်ပွင့်နှင့် ပူဇော်လာလေ၏။ ကြွက်မင်းသည် မြေဆီ မြေခွန်နှင့် ပူဇော်လာလေ၏။ ထိုလေးဦးသားတို့သည် ပူဇော် သက္ကာရ ရောက်လာသည်ကို မြင်တော်မူ၍ မြတ်စွာဘုရားသည် ပြုံးတော်မူလေ၏။ ညီတော် အာနန္ဒာက လျှောက်ထားသည်မှာ.... မြတ်စွာဘုရား သခင်သည် နှောင်လာလတ္တံ့သော အကြောင်းကို မြင်၍ ဟောတော်မူသည်မှာ.... "ညီတော် အာနန္ဒာ....ငါဘုရား သာသနာတော် ၅၀၀၀ အတွင်း ပါပမင်းတို့၏ လက်ထက် ဘုန်း တံခိုးကြီးသော မုဆိုးဆက်၌ ပလလဲဆင်မင်းသည် မင်းဖြစ်လိမ့် မည်တည်း။ ကေသရကျက်တူရွေးသည် သိုးဆောင်းလူမျိုး ဖြစ်၍ မြန်မာလူမျိုးတို့၏နိုင်ငံ၌ သိမ်းယူလိမ့်မည်။ သောမ ကြွက်မင်းသည် လက်နက် ကြီးကြယ်တတ်သော လူမျိုးဖြစ်၍ မြန်မာလူမျိုးတို့နှင့် သင့်မြတ်ကြလိမ့်မည်။ မဟိန္ဒကျီးမင်းသည် ပလလဲဆင်၏သားဖြစ်၍ ပိဋကတ်သုံးပုံတို့အား အားထား ဆောင်ရွက် နိုင် သောကြောင့် အမွေကိုစံခံလိမ့်မည်။ မဟိန္ဒကျီးမင်းလက်ထက် ကပ်သုံးပါး ဆိုက် ရောက်လိမ့်မည်၊ ထိုကပ်သုံးပါးသည် ဘယ်သောအခါမှ လွတ်မည် နည်း၊ ငါဘုရား သာသနာတော် ၂၀၀၀ ကျော်သော ကာလ ကောဇာသက္ကရာဇ် ၁၂၄၇-ခုနှစ်ကစ၍ ၉-ခုနှစ်တိုင် ၅၀ ပြည့်နှစ်

www.dhammaransi.com



မွန်တို့တိုင်း၌ သွေးချောင်းစီးအောင် သေကြေ ပျက်စီးလိမ့်မည်။ ၁၂၅၇-ခုနှစ်မှ အဆုံးသို့ ရောက်လိမ့်မည်။ ၁၂၅၄-ခုနှစ်တွင် ရတနာသုံးပါးကို ကိုးကွယ် ဆည်း ကပ် ရ မည်။ ရက်သယ်ကြား တင်သောင ါးကဲ့သို့ ကျန်သူကား နည်းလိမ့်မည်။ သေကြေပျက်စီးသူ များလိမ့်မည်။ ထိုပါပမင်းတို့လက်ထက် လူမျိုးများသည် ကြက်ဟင်းခါးပျိုးလိမ့်မည်။ ဗန္တရ—ရက်သီးမျိုးစိုက်လိမ့်မည်။ ဗုဒ္ဓရာဇာ ပေါ်လိမ့်မည်။ သတ္တဝါများတရားအသိကျင့်လိမ့်မည်။ ထိုဗုဒ္ဓရာဇာ နောက်ပါ ကျွန်တော်မျိုးကား အသံကြီးသောသူ တယောက်၊ လက် နက် ကြီး သော သူ တ ယောက်၊ ပညာနှင့် ပြည့်စုံသောသူ တယောက် နန်းတည်လိမ့်မည်။ ထိုနန်းတည်တော်မူ၍နန်းသိမ်းတော်မူသောအခါ တောင်သူကြီးကား ဆင်ဖြူသုံးစီးဆက်လာလိမ့်မည်။ တစီးဆင်ကား ဗုဒ္ဓရာဇာစီးလိမ့်မည်။ တစီးဆင်မှာ ပိဋကတ်သုံးပုံ တင်လိမ့်မည်။ တစီးဆင်မှာ မိဖုရားစီးလိမ့်မည်။ ဤသို့ သိုက်စာ အရတွေ့ရှိသောကြောင့် မှတ်သားရသည်၊ ဘုရားဟော သိုက်စာ အမှန်တည်း။ ။

---

www.dhammaransi.com





တိုက်အုပ်ဆရာတော် ဦးပဏ္ဍိတနှင့် ရှင်သာမဏေများ။

www.dhammaransi.com